# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

## ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများကို မပြတ်ဆောင်ရွက်နေရန်မှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေယာဉ်များအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၆

မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှုအထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့်ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ◆





## ရော်ဘာကုန်ကြမ်းအရည်အသွေးမြင့်မားရေးနှင့် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်ရေးကြိုးပမ်း

ရော်ဘာသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး နှစ်ရှည်ပင် အမျိုးအစားလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁၆ သိန်းကျော်ရှိပြီး စိုက်ပျိုးဧက ထက်ဝက်ကျော်မှ နှစ်စဉ် ရော်ဘာစေးတန်ချိန် သုံးသိန်းကျော် ထွက်ရှိနေသည်ဟုဆိုသည်။ သို့ရာတွင် ပြည်တွင်းမှ ထွက်ရှိသည့် စက်မှုကုန်ကြမ်းဖြစ်သော ရော်ဘာကို ပြည်တွင်းမှသုံးစွဲနိုင်မှုမှာ ၈ ရာခိုင်နှုန်းမျှသာ ရှိနေသည့်အတွက် ရော်ဘာကုန်ကြမ်းသုံးစွဲသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။

ရော်ဘာကိုအခြေခံ၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်း မြောက်မြားစွာထုတ်လုပ်နိုင်သည်။ ရော်ဘာစေးမှ လျှပ်ကာပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး၊ စက်မှုလုပ်ငန်းသုံးလက်အိတ်များ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးတာယာများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဖိနပ်များ စသည်ဖြင့် ကုန်ပစ္စည်းအမယ်ပေါင်းများစွာ ထုတ်လုပ်နိုင်သည်။ သက်တမ်းရင့်ပြီး အစေးထွက်နှုန်းကျဆင်းလာသည့် ရော်ဘာပင်များမှလည်း ရော်ဘာသစ်ကို ထုတ်ယူရရှိနိုင်ပြီး ပရိဘောဂများ၊ လူသုံးအိမ်သုံးပစ္စည်းများ၊ ကုန်သေတ္တာများ စသည်ဖြင့် အမယ်စုံအောင် ထုတ်လုပ်နိုင်သည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်လိုက်သည့် ရော်ဘာအခြေခံတန်ဖိုးမြင့် ကုန်ချောပစ္စည်းများကို မိမိတို့က ပြန်လည်ဝယ်ယူသုံးစွဲနေရခြင်းဖြစ်ရာ ပြည်တွင်း၌ပင် အရည်အသွေးကောင်းမွန်မြင့်မားစွာ ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ တင်ပို့ခြင်းဖြင့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများရော ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍပါ မြင့်မားတိုးတက်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး ထုတ်လုပ်မှု၏ ၉၂ ရာခိုင်နှုန်းကို ကုန်ကြမ်းအဖြစ် ပြည်ပသို့ တင်ပို့ရောင်းချနေရခြင်းဖြစ်သည်။ ရော်ဘာခြံအများစုမှာ ၅ ဧကမှ ဧက ၂၀ ခန့်အထိသာရှိသော ခြံငယ်များဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များတွင် ရော်ဘာသည် အရေးပါသည့်ကဏ္ဍ၌ ပါဝင်နေသော်လည်း ရော်ဘာအရည်အသွေးမြှင့်တင်ရေး၊ အဆင့်မီ ရော်ဘာကုန်ကြမ်းထုတ်လုပ်နိုင်ရေးတို့အတွက် ရုန်းကန်နေရဆဲဖြစ်သည်ဟု သိရသည်။ တစ်ဖန် ရော်ဘာကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး ကုန်ချောထုတ်လုပ်သည့် ပြည်တွင်းစက်ရုံများမှာလည်း နည်းပညာနှင့် ဈေးကွက်ဆိုင်ရာပြဿနာများကြောင့် ပြည်ပမှ ဝင်ရောက်လာသည့် ရော်ဘာအခြေခံကုန်ချောများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့် အခြေအနေတွင်ရှိနေသည်။ သို့ဖြစ်ရာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင်ရော ရော်ဘာအခြေခံ MSME လုပ်ငန်းကဏ္ဍတွင်ပါ နည်းပညာများရရှိရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသော ရော်ဘာခြံငယ်လုပ်ငန်းများမှ အရည်အသွေးတစ်သမတ်တည်းမရှိသော ရော်ဘာကုန်ကြမ်းများကို အရည်အသွေးနိမ့် ထုတ်လုပ်လျက်ရှိရာ ၎င်းတို့အား အရည်အသွေးစံချိန်မီ ရော်ဘာကုန်ကြမ်းများ ထုတ်လုပ်လာနိုင်စေရန် ပံ့ပိုးကူညီမှုများ ဆောင်ရွက်သွားရမည်ဖြစ်သည်။ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရာတွင် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းကို အခြေခံ၍ ကုန်ချောထုတ်လုပ်ရေး ဆောင်ရွက်သွားရမည်ဖြစ်ရာ ရော်ဘာအများအပြား စိုက်ပျိုးသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသည်တို့တွင် ရော်ဘာကိုအခြေခံသည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်၍ စီးပွားရေးမြင့်မားလာစေရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ရော်ဘာ ၇၀ ရာခိုင်နှုန်းကျော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချနေပြီး တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့သို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း ရော်ဘာတန်ချိန် ၃၀၀၀၀၀ တင်ပို့ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရော်ဘာကိုအခြေခံ၍ ထုတ်လုပ်နိုင်သည့် ပစ္စည်းအမျိုးပေါင်း ၃၀၀၀၀ ထက်မနည်း ရှိသည်ဟုဆိုရာ ရော်ဘာအခြေခံ ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန် ကြိုးပမ်း၍ နိုင်ငံ့စီးပွားမြင့်မားရေးတွင် အထောက်အကူဖြစ်စေရပါမည့်အကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အကြိမ်(၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

၂၀၂၃ ခုနှစ် အကြိမ်(၃၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိ တပ်မတော် အားကစားရုံ (င)ရုံ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြုအသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆု၊ ဆင့်ပွား ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ အကြိမ်(၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်(အမျိုးသား)အသင်း ၁၈ သင်းနှင့် (အမျိုးသမီး)အသင်း ၁၀ သင်းစီတို့ဖြင့် စက်တင်ဘာ ၂၅ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါင်းတည်၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကျင်းပ

**ပေါင်းတည် အောက်တိုဘာ ၆**

ပေါင်းတည်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲကို ယမန်နေ့ နံနက်က အ.ထ.က ပေါင်းတည် ကျောင်း(ပညာရတနာ) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အ.ထ.က ပေါင်းတည် ကျောင်းသား ကျောင်းသူများက မြတ်ဆရာ သီချင်းဖြင့် ဖျော်ဖြေဂုဏ်ပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးအာဂျူးက ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့်နှင့် ကျောင်းတွင်းစာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ အားဆုများ ပေးအပ်သည်။

ထို့နောက် မြတ်ဆရာပူဇော်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၅)နှစ်အထက် အငြိမ်းစား ဆရာကြီးဆရာမကြီး စုစုပေါင်း ၂၅၉ ဦးအား ကန်တော့ခဲ့သည်။ **သူရကြီး(ပြန်/ဆက်)**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည်အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | သင့်စိတ်ကိုလွတ်လပ်စေမည့် အတွေးများ (တတိယအကြိမ်) | ပီတိ(ပေကြီး) | ဦးနိုင်မိုး ရွှေပေစာပေတိုက် |
| ၂။ | Love Diary | ခွန်းသနိုင် | ဦးနိုင်မိုး ရွှေပေစာပေတိုက် |
| ၃။ | ကမ္ဘာ့ဆိုးပေကြီးများ | တက်တိုး | ဒေါ်စိုးငြိမ်း တက်တိုးနုယဉ်စာပေ |
| ၄။ | အနိုင်ကျင့်ခံရခြင်း ကင်းဝေးအောင် | ရဲရင့်လုံ | ဦးမြင့်စိုး ဆုရောင်စဉ်စာပေ |
| ၅။ | ဖြည့်ရန်ကျန်သော ဆက်ထုံးများ | ဂျူလီယာမြင့်သိန်း | ဦးထက်ပိုင်အောင် ပန်းဆက်လမ်းစာပေ |
| ၆။ | ရင်ခုန်မိုး | ကျော့ကျော့ခိုင် | ဦးမျိုးသူစိုး ခေတ်စာအုပ်တိုက် |

**ပြန်ကြားရေးဝန်ကြီးဌာန**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်  မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားတွင် အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားစဉ်။

◆ *ရွှေဖုံးမှ*

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် ကိုကိုကျော်၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

❖ **ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများရှိ ကမ်းခြေစောင့်တပ်ဖွဲ့များဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမည်**

❖ **လေ့ကျင့်ရေးဆောင်ရွက်ခြင်းသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုများနှင့် ရေယာဉ်များ၏ စွမ်းပကားများကို ပိုမိုအသုံးချနိုင်ရန်ဖြစ်**

### ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တွေ့ဆုံပွဲ၌ အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားပင်ဖြစ်ပြီး မိမိကိုယ်တိုင် ဖွဲ့စည်းဖွင့်လှစ်ပေးခဲ့သည့် ပထမဦးဆုံးသော နိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်ကြောင်း၊ နှစ်နှစ်တာကာလ အတွင်း တပ်ဖွဲ့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံပိုင်းဆိုင်ရာများတွင် တတ်နိုင်သမျှပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍လည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း ကျွန်းပေါင်းများစွာရှိကာ သဘာဝက ပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများ များစွာရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို အလုံးစုံကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော် (ရေ) အပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးတာဝန်များကို အဓိကထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့်တပ်ဖွဲ့တစ်ခုရှိသင့်သည်ဟုယူဆ၍ ယခင်ကတည်းကပင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများကို အချိန်ယူလေ့လာဆောင်ရွက်ခဲ့ရကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် ကမ်းရိုးတန်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင်အတွင်း နယ်နိမိတ်၏ တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး တာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ကြောင်း၊ ယခုတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များသည် မိမိတို့နိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ သမိုင်းသစ်တစ်ခုကို စတင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)မှ ရှိရင်းစွဲလူသားအရင်းအမြစ်များ၊ ရေယာဉ်များဖြင့် စနစ်တကျစုဖွဲ့တည်ဆောက်ထားခြင်းဖြစ်သဖြင့် စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ယခင်က မိမိတို့နိုင်ငံတွင် ကမ်းခြေစောင့်တပ်ဖွဲ့မရှိသည့်အတွက် ပိုင်နက်ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်များကို တပ်မတော်(ရေ)က ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သည့်အတွက် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍများကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

### လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေးတို့ကို အချိတ်အဆက်မိမိဆောင်ရွက်

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများရှိ ကမ်းခြေစောင့်တပ်ဖွဲ့များဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်ရေးလုပ်ငန်းများကို မပြတ်ဆောင်ရွက်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးဆောင်ရွက်ခြင်းသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုများနှင့် ရေယာဉ်များ၏ စွမ်းပကားများကို ပိုမိုအသုံးချနိုင်ရန်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ခဲ့သူ အရာရှိအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့တပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ အရည်အသွေး ပြည့်ဝရန် လိုသကဲ့သို့ ရေယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရည်မှန်းချက် တာဝန်များကို ထမ်းဆောင်ရာ၌ ပြည်တွင်း၊ ပြည်ပမှ ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာလျှင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့ အဆင့်အလိုက် သိသင့်သိထိုက်သည့် ရေကြောင်းဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ပြီး စည်းကမ်းစနစ်တကျဆောင်ရွက်ခြင်းဖြင့် မိမိတို့တပ်ဖွဲ့၏ အုပ်ချုပ်မှုကောင်းခြင်းကို ပြသနိုင်ရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များကို မှန်မှန်ကန်ကန် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုပြီး လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း။

သက်သာချောင်ချိရေးပိုင်းနှင့် ပတ်သက်၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် တစ်ဦးချင်းစီ၏ သက်သာချောင်ချိမှုကို တည်ဆောက်သွားရန် လိုအပ်သကဲ့သို့ တပ်ဖွဲ့မှလည်း တစ်ဦးချင်း သက်သာချောင်ချိမှုရှိစေရေး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိကိုယ်ကို အလိုလိုက်ခြင်းဖြင့် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ပြီး မိမိလက်အောက်ကို အလိုလိုက်ခြင်းဖြင့် တပ်ဖွဲ့၏ စည်းကမ်းစနစ်တကျဖြစ်မှုကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီညွတ်မျှတစွာ ကွပ်ကဲဦးဆောင်၍ တပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်ချင်းစီ၏ နေထိုင်သွားလာစားသောက်မှု၊ ဝတ်စားဆင်ယင်မှု စည်းကမ်းစနစ်တကျရှိခြင်းမှသည် တပ်ဖွဲ့ကောင်းတစ်ရပ်ကို ပုံဖော်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကိုကာကွယ်မည်၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်မည်ဟူသည့် နဂိုအရင်းခံစိတ်ဓာတ်ကောင်းဖြင့် ဝင်ရောက်အမှုထမ်းခဲ့သူများဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရှိရင်းစွဲ စိတ်ဓာတ်ကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာလျှင် စည်းကမ်းကောင်းမွန်မည်ဖြစ်ပြီး စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုဖြစ်စေရေးအတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး စသည့်အချက်လေးချက်ကို တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်အတွင်း အရာရှိ၊ စစ်သည် မိသားစုများအတွက် နောင်ရိုးသောက်ရေသန့်စက်ရုံ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုအချိန်တွင် နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိပြီဖြစ်ပြီး နှစ်နှစ်တာကာလအတွင်း ပိုင်နက်ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ယခုထက်ပိုမိုသည့် စွမ်းဆောင်ရည်ကို ပြသသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ကို စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ကြရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

## ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှု နှစ်နှစ်တာကာလအတွင်း ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှု ဂုဏ်ပြုတံဆိပ်ကို ပေးအပ်ရာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကမ်းခြေစောင့်တပ်ဖွဲ့တပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမ၌ ရည်မှန်းချက်တာဝန်ထမ်းဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်အတွင်း လှည့်လည်၍ နိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက် ရာသီဥတုအခြေအနေနှင့် လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သတင်းအချက်အလက် စုဆောင်းမှုစနစ်ဖြင့် တာဝန်ထမ်းဆောင်နေမှုများ၊ တပ်ဖွဲ့ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများ၊ စာကြည့်တိုက်ပြုလုပ်ထားရှိမှုများကို လိုက်လံကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေယာဉ်များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေယာဉ်များမှ အရာရှိ၊ စစ်သည်များ၏ အလေးပြုခြင်းကို ခံယူကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်အတွင်း လှည့်လည်၍ အရာရှိ၊ စစ်သည် မိသားစုများအတွက် နောင်ရိုးသောက်ရေသန့်စက်ရုံ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အိမ်ထောင်သည်လိုင်းခန်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယနိုင်ငံ HMT International Ltd. ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၆** စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အိန္ဒိယနိုင်ငံ Hindustan Machine Tools (HMT) International Ltd. ၏ General Manager ဖြစ်သူ Mr. Y.K. Vaish ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံအစိုးရ၏ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် စက်မှုသင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ စက်မှုသင်တန်းကျောင်း (မုံရွာ)နှင့် စက်မှုသင်တန်းကျောင်း (သထုံ) အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ စက်မှုသင်တန်းကျောင်းများရှိ ဆရာ ဆရာမများအတွက် နည်းပညာဆိုင်ရာ နည်းပြသင်တန်းများ ပံ့ပိုးပေးနိုင်ရေး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သံမဏိထုတ်လုပ်မှု၊ ရော်ဘာစီးပွားဖြစ် ထုတ်လုပ်မှုဆိုင်ရာသင်တန်းများ၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာသင်တန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ သင်တန်းများ ပို့ချနိုင်ရေးကိစ္စရပ်များ၊ စက်ပစ္စည်းကိုင်တွယ်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ပေးနိုင်ရေးနှင့် လိုအပ်သည့်ကူညီမှုများ ဆက်လက်ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



HMT International Ltd. သည် အိန္ဒိယနိုင်ငံအကြီးစားစက်မှုလုပ်ငန်းဆိုင်ရာဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အကူအညီ (Grant Aid)ပေးရေး နားလည်မှုစာချွန်လွှာအောက်တွင် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပါ အဖွဲ့အစည်းကို အိန္ဒိယနိုင်ငံအစိုးရမှ တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံ့တေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား၊ အသားတိုးဝက် စသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းများဆောင်ရွက်လျက်ရှိပြီး အစာပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိသည့်အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိုးဘွားမျိုးရင်းကြက်၊ ဝက် GP Farm များ တည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ သွားရောက်၍ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို လေ့လာခဲ့မှုနှင့် မိမိတို့ နိုင်ငံနှင့် ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး နည်းစနစ်များ၊ နည်းပညာများနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို သုံးသပ်တွေ့ရှိခဲ့ရမှုအခြေအနေများ၊ ပြည်ပနိုင်ငံများနှင့် မိမိတို့ နိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု နှိုင်းယှဉ်တင်ပြချက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြေယာအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း စားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးထားမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားပေါက်မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၆ သို့*

❊ ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၊ တိုင်းဒေသကြီးအတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့်ဖြစ်ပြီး စားသုံးမှုလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်၊ ထို့ကြောင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အသား၊ ငါးနှင့် ရာသီသီးနှံ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်စေခဲ့ခြင်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၅ မှ*

**အသား၊ ငါးနှင့် ရာသီသီးနှံ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် ဖြစ်ပြီး စားသုံးမှု လိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အသား၊ ငါးနှင့် ရာသီသီးနှံလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လူဦးရေ၏ တစ်နေ့တာပျမ်းမျှ အသား၊ ငါး စားသုံးမှု လိုအပ်ချက်ပမာဏကို တွက်ချက်၍ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် မွေးမြူထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့် အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အခြားမွေးမြူရေးလုပ်ငန်းများတွင်လည်း စဉ်ဆက်မပြတ် မွေးမြူမှုဖြစ်စေရေး တွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ အသားစားနွားများကို အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုပြီး မွေးမြူရေးနွား၊ စပ်မျိုးနွားနှင့် ဒေသနွားများကို သုတေသနပြုဆောင်ရွက်ကာ အထွက်နှုန်းကောင်းမွန်သည့် နွားမျိုးများရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ နွားစာမြက်များ စိုက်ပျိုးရာတွင် စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရေး စနစ်ကျနသည့် ရိတ်သိမ်းမှုစနစ်ရှိရန်နှင့် နွားချေးများကိုလည်း မြေသြဇာအဖြစ် ပြန်လည်သုံးစွဲသွားရန်လိုကြောင်း။

**သီးထပ်စွမ်းအား တိုးတက်လာပါက တောင်သူများ ဝင်ငွေကောင်းလာနိုင်မည်**

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသာမက စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်သွားရန်လိုကြောင်း၊ လိုအပ်သည့် သွင်းအားစုများ လုံလောက်စွာရရှိနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် **မျိုး၊ မြေ၊ ရေ၊ နည်း** ဟူသော မျိုးကောင်းမျိုးသန့် ရရှိအောင်ဆောင်ရွက်ရန်၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးသီးနှံများကို နည်းစနစ်ကျနစွာဖြင့် ထုတ်လုပ်နိုင်မည့် မြေအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ခေတ်စနစ်နှင့် လျော်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ သွင်းအားစုနှင့် ပတ်သက်၍ မြေသြဇာ၊ ရေရရှိရေး၊ လုပ်အားခဟူ၍ရှိပြီး လုပ်သားရှားပါးမှု ပြဿနာကို ယန္တရားများဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မြေသြဇာ လိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့ကျမှု မရှိစေရေးအတွက် ပြည်ပမှ တင်သွင်းရန် လိုအပ်သည့် မြေသြဇာများကို တင်သွင်းခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများကို တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ တိုးတက်လာပါက တောင်သူများ ဝင်ငွေကောင်းလာနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးသည် ပထမဦးစားပေးပင်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ရန်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း အစိုးရမှ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တင်ပြချက်များကို အချိန်ပေး၍ နားထောင်ခဲ့ခြင်းဖြစ်ပြီး မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းအလိုက် အောင်မြင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာမှုမှ ရရှိလာသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတွေ့အကြုံများနှင့် နည်းစနစ်များကို အသုံးချ၍လည်း မိမိတို့ နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ခင်းကျင်းပြသထားမှုများ ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာ ပြသထားရှိမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများခင်းကျင်း ပြသထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဲခေါင် - လန်ချန်း သစ်သီးပွဲတော်(မြန်မာ)တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဦးဆောင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

"မဲခေါင် – လန်ချန်းသစ်သီးပွဲတော် (မြန်မာ)(Mekong – Lancang Fruit Festival–Myanmar)"တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်–လန်ချန်းဒေသခွဲ စီးပွားရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံမှ သစ်သီးဝလံများအား တရုတ်နိုင်ငံဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်မည့် အကျိုးကျေးဇူးရရှိမည် ဖြစ်ကြောင်း၊ ပြပွဲသို့ မြန်မာနိုင်ငံမှထွက်ရှိသော ထောပတ်၊ နာနတ်၊ မက္ကဒေးမီးယား၊ ကျွဲကော၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ ပင်မှည့်သီး၊ သစ်ကြားသီးများ အပြင် ဝဥ၊ လက်ဖက်၊ ကော်ဖီနှင့် ရှောက်ကောပါကောများပါ ထည့်သွင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်–လန်ချန်း သစ်သီးပွဲတော် ပထမနေ့တွင် မြန်မာနိုင်ငံ၏ အလားအလာရှိသည့် သစ်သီးဝလံများနှင့် ပတ်သက်သည့် ဈေးကွက်မြှင့်တင်ရေး ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**သတင်းစဉ်**

** ကျောဖုံးမှ*

ဦးစွာ National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေသန်း ၈၀၀၀ ခန့်ရှိပြီး စစ်တမ်းများအရ သက်သေခံကတ်မရှိသူ လူဦးရေ သန်း ၁၀၀၀ ခန့်၊ သက်သေခံကတ်ရှိပြီး ဒစ်ဂျစ်တယ် သက်သေခံကတ် မရှိသူ လူဦးရေ သန်း ၃၄၀၀ ခန့်၊ ဒစ်ဂျစ်တယ် သက်သေခံကတ်ရှိသူ လူဦးရေ သန်း ၃၆၀၀ ခန့် ရှိကြောင်းကို တွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံများအနက် ဒစ်ဂျစ်တယ်သက်သေခံကတ်သုံးစွဲနိုင်မှုအနေဖြင့် ဒစ်ဂျစ်တယ်သက်သေခံကတ်စနစ်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် နိုင်ငံ ၄၆ နိုင်ငံ၊ ဒစ်ဂျစ်တယ် သက်သေခံကတ်စနစ် သုံးစွဲပြီး ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ မဆောင်ရွက်နိုင်သည့် နိုင်ငံ ၁၁၉ နိုင်ငံ၊ ဒစ်ဂျစ်တယ်သက်သေခံကတ်စနစ် မဆောင်ရွက်နိုင်သည့် နိုင်ငံ ၃၃ နိုင်ငံရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

### ပြင်ဆင်ဖွဲ့စည်း

မိမိတို့ နိုင်ငံတွင်လည်း Digital စနစ်ကို ကူးပြောင်းပြီး e-Government စနစ် ပိုမိုအောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် မေလ ၂၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၇/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၅၉/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များသည် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ တစ်ခုနှင့် တစ်ခု ချိတ်ဆက်ဆောင်ရွက်အကောင်အထည်ဖော်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊ e-ID စနစ်အတွက် လိုအပ်သည့် နည်းလမ်းရရှိရန်အတွက် G to G ရရှိနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊ နိုင်ငံတော်လုံခြုံရေးအရ ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရများမှ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုများ ဖြစ်ပေါ်ခြင်း မရှိစေရန် ကြီးကြပ်ခြင်း၊ နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ဖြည့်တင်းဆောင်ရွက်ပေးခြင်းတို့ပင် ဖြစ်ကြောင်း။

e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာန (Focal Ministry)အဖြစ် တာဝန်ပေးအပ်ခဲ့ပြီး အဖွဲ့ဝင် ၂၉ ဦး ပါဝင်သည့် e-ID စနစ် လုပ်ငန်းကော်မတီကို ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

### ဆပ်ကော်မတီ ခြောက်ခု ဖွဲ့စည်း

e- ID စနစ် လုပ်ငန်းကော်မတီအောက်တွင် e-ID စနစ် အကောင်အထည်ဖော်ရေး ကြီးကြပ်မှုဆပ်ကော်မတီ၊ စီမံချက်ရေးဆွဲရေးဆပ်ကော်မတီ၊ ဥပဒေနည်း ဥပဒေရေးဆွဲရေးဆပ်ကော်မတီ၊ နည်းပညာနှင့် တင်ဒါရေးဆွဲရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေဆိုင်ရာ ဆပ်ကော်မတီ၊ ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီ စသည့်ဆပ်ကော်မတီ ခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ ကော်မတီများအနေဖြင့် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ Master Plan ရေးဆွဲခြင်း၊ System Architecture Design ရေးဆွဲခြင်း၊ ပြည်ပနည်းပညာအကြံပေး ငှားရမ်းရာတွင် လိုက်နာရမည့် လုပ်ငန်းလမ်းညွှန် (ToR) ရေးဆွဲခြင်း

## ❑ e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ကိုယ်ရေးအချက်အလက်များ (Biographic Data) ကောက်ယူပြီး Database အတွင်း ထည့်သွင်းခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် Unique ID (UID) နံပါတ်ထုတ်ပေးခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကတ်ပုံစံအလွှတ်များ ထုတ်လုပ်ခြင်း၊ ကတ်ပုံစံအလွှတ်များတွင် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းနှင့် e-ID စနစ် လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲခြင်း စသည့်အဆင့် (၅)ဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်



တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

နှင့် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေတို့ကို အခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ခြင်းကို အီလက်ထရောနစ်စနစ်နှင့် ဆောင်ရွက်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)ကို လည်း ရေးဆွဲနိုင်ခဲ့ကြောင်း။

### အဆင့် (၅)ဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

e-ID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် ကိုယ်ရေးအချက်အလက်များ (Biographic Data) ကောက်ယူပြီး Database အတွင်း ထည့်သွင်းခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် Unique ID (UID) နံပါတ်ထုတ်ပေးခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကတ်ပုံစံအလွှတ်များ ထုတ်လုပ်ခြင်း၊ ကတ်ပုံစံအလွှတ်များတွင် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းနှင့် e-ID စနစ် လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲခြင်း စသည့် အဆင့် (၅)ဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

e-ID ဟု ခေါ်သည့် အီလက်ထရောနစ်နည်းပညာသုံးစနစ်ဆိုသည်မှာ နိုင်ငံအတွင်းတွင် တရားဝင်မှီတင်းနေထိုင်နေကြသူအားလုံး၏ ကိုယ်ရေးအချက်အလက်များကို ခေတ်မီနည်းပညာ ကွန်ပျူတာစနစ်ကို အသုံးပြုပြီး အစိုးရ၏ Database ထဲတွင် သိမ်းဆည်းထားခြင်းဖြစ်ကြောင်း၊ လိုအပ်ပါက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို ပြန်လည်ရှာနိုင်ရန်အတွက်လည်း လူတစ်ဦးချင်းစီ၏ Unique Identification Number များ ထုတ်ပေးခြင်း၊ တစ်နည်းအားဖြင့် e-Government အောင်မြင်ရန် လစ်ဟာနေသည့် Human Resource Database ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် National Integration System သို့မဟုတ် Population Registration ဟု ခေါ်ဆိုပါကြောင်း၊ နိုင်ငံတကာတွင် e-ID စနစ်တွင် အခြေခံအားဖြင့် အနည်းဆုံးနိုင်ငံသားများကို ကာကွယ်နိုင်ရန်နှင့် အုပ်ချုပ်ရန်အတွက် Human Resource Database၊ စီးပွားရေးလုပ်ငန်းများအပေါ် လိမ်လည်ရောင်းဝယ်မှု၊ ထိန်းချုပ်မှုတို့ကို ကာကွယ်ပေးနိုင်ရန်အတွက် Business Database၊ ရွှေ့ပြောင်းနိုင်သည့်ယာဉ်များကို ထိန်းချုပ်နိုင်ရန်နှင့် ပြည်သူများ ယာဉ်အန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် Asset Database၊ အိုးအိမ်တိုက်တာများကဲ့သို့ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ထိန်းချုပ်ရန်နှင့် ရောင်းမှား၊ ဝယ်မှားဖြစ်မှုများကို ကာကွယ်နိုင်ရန် Property Database ဟူ၍ ရှိပြီး ယခုသွားမည့် e-ID စနစ်တွင် မရှိမဖြစ်လိုအပ်သည့် Databse များ ဖြစ်ပါကြောင်း။

### စိစစ်ဆောင်ရွက်သွားမည်

National Integration System တွင် နိုင်ငံသားဖြစ်ခြင်းနှင့် မဖြစ်ခြင်း မသက်ဆိုင်ဘဲ နိုင်ငံအတွင်း၌ တရားဝင်နေထိုင်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားအားလုံးတို့၏ ကိုယ်ရေးအချက်အလက်နှင့် သက်ဆိုင်ပါကြောင်း၊ နည်းစနစ်ကို မဏ္ဍိုင်ထားပြီး နိုင်ငံတော်အစိုးရအဖွဲ့အောက်တွင်ရှိသည့် ဝန်ကြီးဌာနများနှင့် အလွှာပေါင်းစုံက Database များကလည်း မှီခိုချိတ်ဆက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်ခြင်းနှင့် မဖြစ်ခြင်း၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းကို စိစစ်ရမည်မှာ e-ID Database ထဲမှ ကိုယ်ရေးအချက်အလက်များပေါ် မူတည်ပြီး သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် e-ID စနစ်အတွက် လူတစ်ဦးချင်းစီက ထင်ရှားသည့် ကိုယ်ရေးအချက်အလက်များကို ရယူရာတွင် နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လက်မှတ်ရရှိထားသူ PR များနှင့် ပြည်တွင်းနေ အခွန်ဆောင်နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်(FRC) ကိုင်ဆောင်ထားသူများ၏ Biographic Data၊ Biometric Data များ ကောက်ယူပြီး လူတစ်ဦးချင်းစီကို ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်များ သီးခြားထုတ်ပေးကာ ယင်း Unique ID ကို မဏ္ဍိုင်ပြုပြီး ဝန်ကြီးဌာနအသီးသီးက မိမိတို့ ဌာနအလိုက်ရှိနေသည့် အကောင်အထည်ဖော်မည့် Database ကို စိစစ်ပေါင်းစပ်ပြီး ဝန်ကြီးဌာနများက ပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

e-ID စနစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အဆင့် ၁ အနေဖြင့် နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်မှတ်တမ်း (နိုင် - ၄) ၅၂ သန်းကျော်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ၁၃ သန်းကျော်တို့ကို e-ID Database အတွင်း ၁၀၀ ရာခိုင်နှုန်း ထည့်သွင်းပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

### မြေပြင်ကွင်းဆင်းစာရင်းကောက်ယူ

ထိုသို့ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို စာရွက်စာတမ်းများနှင့် ထိန်းသိမ်းခဲ့သည့်အတွက် နှစ်ကာလကြာမြင့်မှု၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အချက်အလက်မစုံလင်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် e-ID Database အတွင်းရှိ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရန်အတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကော်မတီများဖွဲ့၍ ယခုနှစ် ဇန်နဝါရီ ၉ ရက်မှစ၍ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း။

လုပ်ငန်းဆောင်ရွက်မှု အဆင့် နှစ်အနေဖြင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများကို Pilot Project အနေဖြင့် စတင်ကောက်ယူခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကောက်ယူနေပြီဖြစ်ကြောင်း။

### အကျိုးကျေးဇူးများစွာရရှိမည်

မြန်မာနိုင်ငံတွင် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် အချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်ခြင်း၊ e-Government အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်ခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပိုမိုလွယ်ကူစွာ တည်ဆောက်နိုင်ခြင်း၊ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ခြင်း၊ စာရွက်အခြေပြု (Paper-Based) စနစ်များ လျှော့ချနိုင်ခြင်း၊ National ID ၏ အခြေခံလုပ်ငန်းစဉ်ဖြစ်ပြီး နိုင်ငံတကာသုံးစနစ်များဖြင့် လွယ်ကူစွာချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ကူးပြောင်းရာတွင် အခြေခံအုတ်မြစ်ဖြစ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အခွန်စည်းကြပ်ရေးနှင့် အခြားသောဌာနဆိုင်ရာများမှ ဆောင်ရွက်နေသည့်လုပ်ငန်းများကို လွယ်ကူစွာ ဝန်ဆောင်မှုပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပြည်သူများရရှိမည်ဖြစ်ကြောင်း။

e-ID စနစ်နှင့် ကောက်ယူထားရှိသည့် Data များသည် Big Data များဖြစ်ပြီး လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များဖြစ်သည့်အပြင် နိုင်ငံတော်အတွက် *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

အရေးကြီးသည့် National Database ဖြစ်၍ ယင်းတို့ကို လုံခြုံအောင်ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ e-ID တွင် ပါဝင်သည့် National Database အပါအဝင် ဝန်ကြီးဌာနထဲတွင် ပြုစုထိန်းသိမ်းထားသည့် Database များသည် ပြည်သူများအပေါ်ချပြ၍ရသည့် Database များ ရှိသကဲ့သို့ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် လုံခြုံရေးအရ ထုတ်ဖော်ချပြ၍မရသည့် Database များလည်း ရှိပါကြောင်း၊ ထို့ကြောင့် Cyber Security ဆိုင်ရာ လုံခြုံမှုစနစ်များ အဆင့်လိုက်ထားရှိပြီး ကွန်ရက်လုံခြုံမှုစောင့်ကြည့်စနစ် (Network Monitoring System) များ ထားရှိရန်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ် ကွန်ရက်တုံ့ပြန်မှုစနစ် (Myanmar Computer Emergency Response Team) အနေဖြင့်လည်း အင်အား ထပ်မံဖြည့်ဆည်းပြီး ကွန်ရက်လုံခြုံမှုများ တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

### လူမှုဘဝလုံခြုံမှုကို ပိုမိုဆောင်ရွက်ပေးနိုင်မည်

ယနေ့ Information Technology IT ခေတ်တွင် မိမိတို့ နိုင်ငံအနေဖြင့်လည်း e-Government ကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ e-Government စနစ်ဆိုသည်မှာ အစိုးရအဖွဲ့အချင်းချင်း၊ ရုံးတွင်း Network ချိတ်ဆက်ပြီး စာပေးစာယူ အဆင့်ဟု ယူဆပါက မှားယွင်းမည်ဖြစ်ကြောင်း၊ e-Government ဆိုသည်မှာ ထိရောက်မြန်ဆန်လုံခြုံသည့် ကွန်ပျူတာစနစ်များကိုအသုံးပြုပြီး အများပြည်သူအတွက် မြန်ဆန်တိုးတက်သည့် ဝန်ဆောင်မှုများကို နိုင်ငံတော်အစိုးရက ပြည်သူကို ဝန်ဆောင်မှုပေးခြင်းပင် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အစိုးရဌာနတိုင်းတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် Database များကိုလည်း ပညာရှင်များနှင့် တည်ဆောက်သွားကြရမည် ဖြစ်ကြောင်း၊ Database များကို ချိတ်ဆက်ပြီး အစိုးရယန္တရားများ မြန်ဆန်စွာ လည်ပတ်နိုင်ရန် National Database သို့မဟုတ် နိုင်ငံတော်ကအရေးကြီးသောမှတ်တမ်းများကို ကွန်ပျူတာစနစ်ဖြင့် ချိတ်ဆက်ထားခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ National Database အပေါ်မူတည်ပြီး လူတစ်ဦးချင်းစီ၏ ဝန်ဆောင်မှုကို ပေးနိုင်

- ❖ e-ID **စနစ် ဆောင်ရွက်ခြင်းကြောင့် ပြည်သူများ၏ တစ်ဦးချင်းကိုယ်ရေးအချက်အလက်များကို ကောက်ယူနိုင်သည့်အတွက် ပြည်သူများအနေဖြင့်** Paper-Based **စနစ်မှ** Online **ဆက်သွယ်မှုစနစ်မှတစ်ဆင့် မိမိအလိုရှိသည့် လုပ်ငန်းနယ်ပယ်အလိုက် ဝန်ကြီးဌာနများတွင် လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်မှု စသည့်ဝန်ဆောင်မှုကဏ္ဍတို့တွင် များစွာအထောက်အကူပြုနိုင်မည်**
- ❖ National Database **ရှိမှသာ ပြည်သူများအတွက် လျင်မြန်သည့် ဝန်ဆောင်မှုပေးနိုင်မည်၊** National Database **စနစ် တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်စီမံဆောင်ရွက်ထားကြရန်လို**

ရန်အတွက် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို e-ID စနစ်ထဲတွင် ထည့်သွင်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း e-ID စနစ်ထဲတွင်ရှိသည့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များမှ ချိတ်ဆက်ပြီး ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ e-ID စနစ်လုပ်ငန်းကော်မတီက စီမံချက်များချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် National Database အဖြစ် တည်ဆောက်ပြီးစီးပါက နိုင်ငံသားများ၏ လူမှုဘဝလုံခြုံမှုကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် က e-ID စနစ်လုပ်ငန်းကော်မတီ၏ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Myanmar e-Government Master Plan – 2030 (မူကြမ်း) ဆိုင်ရာအချက်အလက်များနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တပ်မတော်( ကြည်း၊ ရေ၊ လေ) သတင်းနှင့် နည်းပညာဌာန ဌာနမှူး ဗိုလ်မှူးချုပ်မြတ်မင်းဦးက National Database တည်ဆောက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက National Database စနစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးအကြံပြုတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ e-ID စနစ် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို e-ID ကော်မတီအဖွဲ့ဝင်ပညာရှင်များက ဝန်ကြီးဌာနများအလိုက် လက်တွေ့ဆောင်ရွက်သွားကြရမည့် ဝန်ထမ်းများအား စတင်ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်လည်း ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ပါကြောင်း၊ e-ID စနစ် ဆောင်ရွက်ခြင်းကြောင့် ပြည်သူများ၏ တစ်ဦးချင်းကိုယ်ရေးအချက်အလက်များကို ကောက်ယူနိုင်သည့်အတွက် ပြည်သူများအနေဖြင့် Paper-Based စနစ်မှ Online ဆက်သွယ်မှုစနစ်မှတစ်ဆင့် မိမိအလိုရှိသည့်လုပ်ငန်းနယ်ပယ်အလိုက် ဝန်ကြီးဌာနများတွင် လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်မှု စသည့်ဝန်ဆောင်မှုကဏ္ဍတို့တွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ရန်မှာ e-Government စနစ် ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအလိုက် အခြေခံကွန်ပျူတာနည်းပညာမှစ၍ Software ၊ Hardware နှင့် Networking ပညာရပ်များနှင့် စပ်လျဉ်း၍ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Electronic Device များ ကိုင်တွယ်အသုံးပြုနိုင်မည့် ဌာနတွင်းဝန်ထမ်းပညာရှင်များ ကြိုတင်ရွေးချယ်စုဖွဲ့ထားရန် လိုကြောင်းနှင့် e-Government စနစ်ဆောင်ရွက်ရာတွင် အခက်အခဲများရှိနိုင်သော်လည်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရင်းဖြင့် တွေ့ကြုံရသည့်အားနည်းချက်၊ အားသာချက်များကို ပြုပြင်သွားရမည်ဖြစ်ကြောင်း၊ National Database ရှိမှသာ ပြည်သူများအတွက် လျင်မြန်သည့်ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ National Database စနစ် တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၆**

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပ

**မောင်တော အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းဖွင့်လှစ်ပေးထားခြင်းအားဖြင့် နယ်စပ်ဒေသတိုင်းရင်းသူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးများဆောင်ရွက်ကာ မိမိဘဝ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ သမ္မာအာဇီဝကျစွာ ရှာဖွေနိုင်ကြောင်းပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းကျောင်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၄) သင်တန်းတွင် ထူးချွန်စွာ ပထမဆုရရှိသူအား ဂုဏ်ပြုဆုငွေနှင့် အပ်ချုပ်စက်တစ်လုံး ပေးအပ်ကာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းဆင်းလက်မှတ်များနှင့် ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပြီး သင်တန်းသူများ၏ လက်ရာများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(မြန်/ဆက်)**

❖ *ကျောဖုံးမှ*

ယင်းခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၆ ရက်က ကျင်းပရာ မြန်မာ၊ တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်းနှင့် အိန္ဒိယအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က “အုပ်စုအတွင်းမှာ အကောင်းဆုံးအသင်းကတော့ အိမ်ရှင်တာဂျစ်ကစ္စတန် အသင်းပါ။ ပါလက်စတိုင်းအသင်းကလည်း အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ အိန္ဒိယအသင်းကလည်း စတင်ဖွဲ့စည်းတာ မကြာသေးပေမယ့် ကျွန်တော်တို့ လေးလေးစားစား ယှဉ်ပြိုင်သွားမှာပါ။ ကျွန်တော်တို့အနေနဲ့ ဒီခြေစစ်ပွဲကို အောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကစားသမားတွေအနေနဲ့လည်း ကျွန်တော့်ရဲ့ နည်းစနစ်အတိုင်း စည်းကမ်းတကျလိုက်နာကစားနိုင်မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲကို တက်ရောက်ကစားနိုင်မှာပါ” ဟု ပြောကြားသည်။

ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (E) တွင် တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်း၊ အိန္ဒိယအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ပါလက်စတိုင်းအသင်းနှင့် ကစားရမည်ဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးခုနစ်သင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



(၆-၁၀-၂၀၂၃)

ကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် ရုံးအမှတ် (၃)၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ရက်စွဲဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၂၃) ဖြင့်ဖွဲ့စည်းခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်စျေးနှုန်း တည်ငြိမ်ရေး အတွက် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးတွင် "ကုန်စျေးနှုန်း တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် UMFCCI အသင်းချုပ်အပြင် လိုအပ်သည့် ညီနောင်အသင်းအဖွဲ့များနှင့်လည်း ပေါင်းစပ်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက အစည်းအဝေးများသို့ ဖိတ်ကြားဆောင်ရွက်ရန်" ဆုံးဖြတ်ခဲ့ကြောင်း၊ မိမိတို့ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီအနေဖြင့် လုပ်ငန်းစဉ်တွင် အဓိကကျသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၂၃ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများတွင် အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း၊ လက်ရှိအနေအထားတွင် မိမိတို့ ကော်မတီအနေဖြင့် အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းစျေးနှုန်းများ တည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်နှင့် ဆီသည် အဓိကစားသောက်ကုန်ပစ္စည်းဖြစ်ရာ ဆန်စျေးနှုန်းနှင့် ဆီစျေးနှုန်းတည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် ယနေ့အစည်းအဝေးတွင် ဆန်၊ ဆီနှင့်သက်ဆိုင်သည့် ညီနောင်အသင်းအဖွဲ့များကို ဖိတ်ကြား ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အခြားအသင်းအဖွဲ့များကိုလည်း နောင်တွင် လိုအပ်သလို သီးခြားဆွေးနွေး၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့် ဆက်စပ်နေသည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ နိုင်ငံခြားသုံးငွေ ကြီးကြပ်မှု ကော်မတီကဲ့သို့ အခြားကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအရ အကျိုးအမြတ်ရရှိရန် လိုအပ်သကဲ့သို့ စားသုံးသူပြည်သူလူထု အတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်သည့် သင့်တင့်မျှတသော စျေးနှုန်းများဖြစ်ရန် လိုအပ်ကြောင်း၊ ချမှတ်ထားသည့် မူဝါဒများကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုန်စျေးနှုန်း တည်ငြိမ်ရေး အထောက်အကူ ဖြစ်စေရန်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးအတွက် ရှေးရှုပြီး ပွင့်ပွင့်လင်းလင်း တင်ပြ ဆွေးနွေးစေလိုကြောင်း ပြောကြားပါသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့အသီးသီးက ဆန်နှင့် စားသုံးဆီစျေးနှုန်းများ တည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ ၎င်းတို့ အသင်းအဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို အကြံပြုတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ အသင်းအဖွဲ့များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁)နှင့် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့က ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး အခြေခံ စားကုန်စျေးနှုန်းတည်ငြိမ်ရေး၊ ထိန်းကျောင်းဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိဂုံးချုပ်စကားပြောကြားရာတွင် ကုန်စျေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးသည် အရေးကြီးကြောင်း၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ယုံကြည်မှုမြှင့်တင်ရန်၊ ကောလာဟလများ၊ သတင်းမှားများကြောင့် ကုန်စျေးနှုန်းမြင့်တက်ခြင်း မဖြစ်စေရေးအတွက် ဖြန့်ဖြူးရောင်းချသူနှင့် ဝယ်ယူစားသုံးသူ နှစ်ဖက်လုံးက ထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် ထိန်းကျောင်းကြီးကြပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ဆောင်ရွက်ရန်ကိစ္စများနှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးဆီ၊ စက်သုံးဆီ တင်သွင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးနှုန်းဖြင့် ကုန်စျေးနှုန်းတည်ငြိမ်ရေး ကိစ္စများနှင့် စပ်လျဉ်းပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

## Foundation Course For Public Opinion Mining Analysis (Artificial Intelligence - AI) နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၆

**ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ သတင်းတု၊ သတင်းမှားများ စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းစီးဆင်းမှုများအပေါ် Data Analysis ပြုလုပ်၍ ရလဒ်များ ခွဲခြမ်းစိတ်ဖြာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Foundation Course For Public Opinion Mining Analysis (Artificial Intelligence – AI)နည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် အမှုထမ်း၊ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နည်းပညာခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ AI နည်းပညာသည် ရှေ့တန်းရောက်ရှိနေပြီး နိုင်ငံတကာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်ကြောင်း၊ လူသားတို့အတွက် အကျိုးဖြစ်ထွန်းစေသည့် ကျန်းမာရေး၊ ပညာရေး၊ စက်မှုကဏ္ဍများ၌ လူ့စွမ်းအားနှင့် စက်မှုစွမ်းအားများ လျှော့ချကာ AI နည်းပညာအစားထိုး လုပ်ဆောင်လာသည်ကို တွေ့မြင်နိုင်ကြောင်း၊ တစ်နည်းအားဖြင့် လူသားများ၏ လုပ်ဆောင်နိုင်စွမ်းအစား AI နည်းပညာ အသုံးပြုပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ယနေ့ မီဒီယာရေစီးကြောင်းတွင် သတင်းစီးဆင်းမှုအပေါ် AI နည်းပညာ အသုံးချ၍ သတင်းဖန်တီးကာ ပြည်သူမှ ပြည်သူသို့ စီးဆင်းစေခြင်းဖြင့် သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရာတွင် တိကျသော သတင်းအရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာနိုင်သည့် နည်းပညာတစ်ခုဖြစ်ကြောင်း၊ နည်းပညာပိုင်းတွင် AI သည် Automation စနစ်ဖြစ်သောကြောင့် လူသားအရင်းမြစ်ကို ချွေတာရာလည်း ရောက်ကြောင်း။

ယနေ့ Digitalization ခေတ်တွင် အွန်လိုင်းမှ အချက်အလက်ရှာဖွေခြင်း၊ Entertainment များ ကြည့်ရှုခြင်း၊ ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချနိုင်ခြင်းတို့၏ နောက်ကွယ်တွင်လည်း AI နည်းပညာရှိနေပြီဖြစ်ကြောင်း၊ လူသားများတွင် ကာယ၊ ဉာဏ နှစ်မျိုးရှိသည့်အနက် ကာယအလုပ်များကို စက်များဖြင့် အစားထိုး ဆောင်ရွက်နိုင်သကဲ့သို့ ဉာဏအလုပ်များကို AI နည်းပညာဖြင့် အစားထိုး ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် AI နည်းပညာ အသုံးပြု၍ လမ်းပြအမှတ်အသား၊ မီးပွိုင့်၊ ဆိပ်ကမ်း၊ လေဆိပ်စသည့် Public Area များတွင် အသုံးပြုနေပြီဖြစ်ပြီး ဥရောပနိုင်ငံများတွင်လည်း AI နည်းပညာအသုံးပြု၍ လူထုအကျိုးပြု သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ အသုံးပြုနေပြီဖြစ်ကြောင်း၊ AIနည်းပညာကို အသုံးပြု၍အချို့ခက်ခဲသည့် အရာများကို လွယ်ကူစွာကျော်လွှားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် ပညာရှင်များ ဆွေးနွေးပို့ချသည့် ဘာသာရပ်များကို စိတ်ဝင်တစားလေ့လာမှတ်သား၍ ရရှိလာသည့် ဗဟုသုတ အတွေ့အကြုံများဖြင့် ဌာနအကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် ပြန်လည်အသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် Myanmar Computer Vision Developer Team မှ ဆရာဦးဝေဖြိုးအောင်က သင်တန်းတွင် သင်ကြားမည့် Course နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး AI နည်းပညာ အကြောင်း Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းသို့ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား ခုနစ်ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာ အွန်လိုင်းသင်တန်းဖြစ်ကြောင်းနှင့် သင်တန်းတွင် Data Science, Python Programming Language, Text Classification and Semantics စသည့် ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးတံခါး ဆက်ပြီးဖွင့်ထားဆဲပါ

မိုးမြင့်

မြန်မာနိုင်ငံတစ်နံတစ်လျား ပြည်သူအားလုံး တိုင်းရင်းသားအားလုံးက စစ်မှန်သော ငြိမ်းချမ်းရေးအရသာကို တောင့်တဆဲ၊ ငံ့မွတ်ဆဲဖြစ်သည်။ ယခုအချိန်တွင် အလိုချင်ဆုံးကား တည်ငြိမ်အေးချမ်းမှု၊ အဖြစ်ချင်ဆုံးကား တည်ငြိမ်သောလူမှုစီးပွားဘဝ။ ပညာသင်ချင်ကြသည်၊ အေးချမ်းစွာ နေထိုင်စီးပွားရှာလိုကြသည်သာ ဖြစ်သည်။ သို့သော် နိုင်ငံ၏လက်နက်ကိုင်ပြဿနာကား မပြီးသေး။ နိုင်ငံရေးအရ သဘောထားများ ကွဲနေဆဲ၊ တိုင်းရင်းသားအရေး မတူသောအမြင်များ ရှိနေဆဲ၊ ဘာသာရေးအရ ကွဲပြားမှုအချို့ ရှိဆဲဖြစ်သည်။ ဤသည်ပင် ယနေ့လက်နက်ကိုင်ပဋိပက္ခများ၏ အကြောင်းရင်းခံအဖြစ် မှတ်ယူကြဆဲဖြစ်သည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့မှ ကိုယ်စားလှယ်များ ယခုနှစ် ဇွန်လအတွင်းက နေပြည်တော်၌ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးစဉ်။

## အမှန်တကယ်သတ္တိရှိ၍ ငြိမ်းချမ်းရေးကို အမှန်လိုလားလျှင်

ခေတ်အဆက်ဆက် နိုင်ငံရေးအယူဝါဒအမျိုးမျိုးကွဲခဲ့ကြ၍ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစပြီး နိုင်ငံရေးဖြေလျှော့မှုများပေးခဲ့သည်။ တစ်ပါတီစနစ်မှ ပါတီစုံ၊ ဆိုရှယ်လစ်စနစ်မှ ဒီမိုကရေစီစနစ်သို့ တပ်မတော်ခင်းပေးသည့်လမ်းအတိုင်း လျှောက်ခဲ့ကြသည် မဟုတ်ပါလား။ တိုင်းရင်းသားအရေး ကွဲလွဲမှုများမှာမူ နယ်ချဲ့တို့ထားခဲ့သည့် ဆိုးမွေတစ်ခုဖြစ်၍ ဤကွဲပြားမှုကိုလည်း လုံးဝလျစ်လျူရှုထားခြင်းမရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ တတ်နိုင်သမျှ ပိုင်းခြားခွဲခြားသတ်မှတ်ထားပြီး ဖြစ်သည်။ ဘာသာရေးအရလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာ ပြဋ္ဌာန်းပြီးဖြစ်သည်။ ဤအချိန်မှာ ယင်းကဲ့သို့အချက်များကို အကြောင်းပြု၍ သဘောကွဲလွဲမှုများ ထပ်ကာထပ်ကာ ရမယ်ရှာ၍ ကိုယ့်အတွက်၊ ကိုယ့်အဖွဲ့လေးတစ်ခုအတွက် အမြတ်ထုတ်မှုများ မရှိသင့်တော့၊ ရပ်သင့်ပြီဟု ယူဆပါသည်။

အချို့သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် မိမိတို့ကိုယ်စားပြုသည်ဆိုသော တိုင်းရင်းသားများ၏ မျက်နှာနှင့် ပြည်သူများ၏ဘဝ၊ နိုင်ငံတော်နှင့် ပြည်ထောင်စုကြီး၏အကျိုးကို ပြန်ကြည့်ချိန်တန်ပြီ၊ ငဲ့ကွက်သင့်ပြီဟူ၍သာ တိုင်းရင်းသားပြည်သူအားလုံးကိုယ်စား တောင်းဆိုချင်ပါသည်။ စစ်ကိုခေါ်၍ စစ်၏အနိဋ္ဌာရုံများနှင့် ပြည်သူကို ချောက်ထဲတွန်းပို့၊ နိုင်ငံကို တစ်စစီဖြစ်အောင် လုပ်နေသည့် တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်များ ရှိနေသေးသရွေ့ ဤနိုင်ငံကြီး ငြိမ်းချမ်းဖို့မမြင်သေးပါ။

သဘောထားကွဲမှုများ၊ အမြင်မတူမှုများကို တူအောင်၊ နီးစပ်အောင် ကြိုးစားရမည့်အစား တပ်မတော်နှင့် ပြည်သူကို လက်နက်အားကိုးဖြင့် ကန့်လန့်တိုက်နေခြင်းမှာ ပညာဉာဏ်နည်းရာရောက်ပါသည်။ မိမိဒေသအကျိုး၊ မိမိတို့လူမျိုးအကျိုး အမှန်တကယ်လိုလားသည်ဆိုလျှင် လူသတ်လက်နက်ကိုင်ရန်မလိုပါ၊ လက်နက်ကိုင်တာချင်း တူသည်ဆို၍ တပ်မတော်နှင့် နှိုင်းယှဉ်ရန်လည်း အကြောင်းမရှိပါ။ ယနေ့တပ်မတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော ပြည်ထောင်စုတပ်မတော်၊ စစ်ရေးတာဝန်အပြင် အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ ထမ်းရွက်နေရသောတပ်မတော် ဖြစ်သည်။

နိုင်ငံတော်ကို ဖျက်ဆီးသူနှင့် နိုင်ငံတော်ကို ကာကွယ်သူ ကွာခြားလွန်းပါသည်။ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင် ခေါင်းဆောင်များအနေဖြင့် အမှန်တကယ်သတ္တိရှိလျှင် ဒေသခံတို့၏ မဲဆန္ဒလက်နက်ကိုကိုင်၍ မိမိတို့ဒေသ ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ရရှိအောင်နှင့် ပြည်ထောင်စုကြီးအကျိုးကို များစွာဖော်ဆောင်ပေး၍ ရပါသည်။ ငြိမ်းချမ်းရေးကို အမှန်လိုလားလျှင်၊ ဒီမိုကရေစီကို နှစ်သက်လျှင် ရွေးကောက်ပွဲလမ်းကြောင်းမှလွဲ၍ အခြားမရှိပါ။ နောင်လာမည့် လွှတ်တော်များမှတစ်ဆင့် မိမိတို့၏လိုလားချက်များ မိမိတို့ တိုင်းရင်းသားများ၏ လိုလားချက်များကို တရားဥပဒေနှင့်အညီ တောင်းယူ၍ရပါသည်။

## နိုင်ငံကို ဖျက်သူနှင့် ကယ်သူ သဘောပေါက်ကြရန်သာ

ယခုမူ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်အချို့သည် လူသတ်လက်နက်များကိုင်စွဲ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကလုပ်ပေးထားသော အများပြည်သူသုံး ရထားလမ်း၊ ကားလမ်း၊ တံတားများ၊ ကျောင်းများ၊ လျှပ်စစ်တာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ စသည့် အခြေခံအဆောက်အအုံများကို မိုင်းခွဲ၊ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးပစ်ကြသည်။ ဘုန်းကြီးကျောင်းများနှင့် စေတီပုထိုး၊ ယဉ်ကျေးမှုနယ်မြေများတွင် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်သည်။ ဒေသခံ တိုင်းရင်းသားများ၏လူ့စွမ်းအား၊ လူမှုစီးပွားဘဝနှင့် ဘာသာရေးအရင်းအမြစ်များ ခန်းခြောက်အောင် ဖျက်ဆီးပစ်ခြင်း ဖြစ်သည်။

ထို့အတွက် ဒေသခံတိုင်းရင်းသားများ အလွန်နစ်နာကြရသည်။ ဖွံ့ဖြိုးမှုများ နောက်ကျကုန်သည်။ ကျောင်းသားအရွယ် ကလေးသူငယ် လူမမည်များစွာ စစ်ပြေးဘဝရောက်ကြရသည်။ အရွယ်မတိုင်မီ ရောဂါဘယထူပြောပြီး မသေသင့်ဘဲ အသက်ဆုံးရှုံးကြရသူများရှိလာသည်။ ဘယ်ပြည်သူစစ်စစ်၊ ဘယ်တိုင်းရင်းသား စစ်စစ်မှ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ် အတွင်း၌ တိုက်ပွဲများဖြစ်မည်ကို မလိုလားပါ။ အေးအေးချမ်းချမ်း သာသာယာယာသာ နေလိုကြသည်။ ကလေးများ၊ လူငယ်များကပညာသင်ချင်သည်။ မိဘများ၊ လူကြီးများက ကောင်းကောင်းမွန်မွန် စီးပွားရှာနေထိုင်လုပ်ကိုင်လိုကြသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကလည်း လမ်းခင်း၊ တံတားဆောက်၊ ကျောင်းဆောက်၊ ဒေသဖွံ့ဖြိုးရေးကို အားကြိုးမာန်တက် လုပ်ပေးချင်ကြသည်။

တည်ငြိမ်မှုအပေါ် မူတည်၍ တတ်နိုင်သမျှ ဒေသဖွံ့ဖြိုးရေးကိုလုပ်ပေးသည်။ တန်းတူညီမျှဖြစ်အောင်၊ စည်းလုံးညီညွတ်မှုရှိအောင်၊ အတူတကွတိုးတက်အောင် ရှိသမျှအင်အားဖြင့် ညှိပေးသည်။ သို့သော် တည်ငြိမ်မှု၊ မတည်ငြိမ်မှုအပေါ် မူတည်၍ ဖွံ့ဖြိုးတိုးတက်မှုများ သိသိသာသာ ကွာသွားမည်သာဖြစ်သည်။ ဤကွာခြားချက်ကို မသိနားမလည်သေးသည့် အချို့လက်နက်ကိုင်များ ရှိသေးသလို အချို့လက်နက်ကိုင်များအနေဖြင့်လည်း မသိ၍မဟုတ်၊ သိသိကြီးနှင့် ကိုယ့်ဒေသကိုယ် မပျက်ပျက်အောင် ပြန်ဖျက်နေကြခြင်းမှာ အံ့သြစရာကောင်းလှသည်။ ထို့ကြောင့်လည်း ပညာဉာဏ်နည်းသူများဟု ထောက်ပြခဲ့ခြင်းဖြစ်သည်။

အဓိကအချက်က မိမိတစ်ကိုယ်ကောင်းအတ္တဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ဒေသခံ၊ ကိုယ့်ပြည်နယ်ကို ချနင်းနေကြခြင်းပင်ဖြစ်သည်။ နိုင်ငံရေး၊ တိုင်းရင်းသားအရေး ကြားကောင်းအောင်အော်၍ မျှောက်ပြဆန်တောင်းပြနေခြင်းလည်းဖြစ်သည်။ NCA စာချုပ်အရ တပ်မတော်က ခွဲပေးထား၍ ရပ်တည်နေရသည့် နယ်မြေများရှိ တိုင်းရင်းသား လက်နက်ကိုင်များကား သူတို့အချင်းချင်း လောဘဇောတိုက်၊ သွေးခွဲ၊ နယ်လု၊ စားကျက်လုကြခြင်းဖြင့်သာ အချိန်ကုန်နေသည်ကို တွေ့ရသည်။

တပ်မတော်ကမူ တိုင်းရင်းသားလက်နက်ကိုင်များ၏ ကြိုးအရှုပ်ကို ဖြေနေရပြီး သူတို့ကမူ ပြည်ပဩဇာခံယူ၍ ငွေယူ၊ လက်နက်ဝယ်သည်၊ ထိုလက်နက်များဖြင့် ရသမျှ အကုန်ဖျက်ဆီးသည်၊ အနိုင်ကျင့်သည်၊ လူသတ်ဆက်ကြေးကောက်သည်။ ကြာသော် လက်နက်၏အရသာကို ကောင်းကောင်း သိထားပြီးဖြစ်၍ လက်နက်ကို မစွန့်လွှတ်ချင်တော့။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ဘယ်သူက တိုင်းပြည်ကို ချနင်းသူလဲ၊ ဘယ်သူက တိုင်းပြည်ကို ကယ်တင်နေသူလဲ သဘောပေါက်ကြရန်သာ ဖြစ်ပါတော့သည်။

တစ်ချိန်လုံး လက်နက်ကိုင်ခဲ့သော တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် အခြေအနေအရပ်ရပ်ကို သိချိန်တန်ပြီဖြစ်၍ နိုင်ငံပျက်စီးရေးလမ်းစဉ်ကို စွန့်လွှတ်ရန် အချိန်တန်ပြီဟုသာ ဆိုချင်သည်။

*စာမျက်နှာ ၁၁ သို့*

❑ **နိုင်ငံတော်ကို ဖျက်ဆီးသူနှင့် နိုင်ငံတော်ကို ကာကွယ်သူကွာခြားလွန်းပါသည်။ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင်ခေါင်းဆောင်များအနေဖြင့် အမှန်တကယ်သတ္တိရှိလျှင် ဒေသခံတို့၏ မဲဆန္ဒလက်နက်ကိုကိုင်၍ မိမိတို့ဒေသ ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ရရှိအောင်နှင့် ပြည်ထောင်စုကြီးအကျိုးကို များစွာဖော်ဆောင်ပေး၍ ရပါသည်။ ငြိမ်းချမ်းရေးကို အမှန်လိုလားလျှင်၊ ဒီမိုကရေစီကို နှစ်သက်လျှင် ရွေးကောက်ပွဲလမ်းကြောင်းမှလွဲ၍ အခြားမရှိပါ။ နောင်လာမည့် လွှတ်တော်များမှတစ်ဆင့် မိမိတို့၏လိုလားချက်များ မိမိတို့ တိုင်းရင်းသားများ၏ လိုလားချက်များကို တရားဥပဒေနှင့်အညီ တောင်းယူ၍ရပါသည်**

# ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၃ ခုနှစ် စာအောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနား ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၆**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၃ ခုနှစ် စာအောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနားကို လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ အောက်တိုဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ဆရာတော် သံဃာတော်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်ဇနီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ပြီး ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော်ဘဒ္ဒန္တပညာစက္ကထံမှ ငြိမ့်ပရိသတ်များက သီလခံယူဆောက်တည်၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဒေသကွပ်ကဲရေးမှူးနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းနှင့် နိကာယ် အုပ်စု(၈)ကျမ်းပြီး စာအောင်ဆုရ သံဃာတော်များအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက ပထမကြီးတန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်း စာအောင်ဆုရသီလရှင်များနှင့်ဝိသုဒ္ဓိမဂ်နှင့်အဘိဓမ္မာ စာအောင်ဆုရ လူပုဂ္ဂိုလ်များအားလည်းကောင်း ဂုဏ်ပြုအလှူတော်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်ချ အမျှပေးဝေခဲ့ကြသည်။

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် စာအောင်ဆုနှင်း သဘင်မင်္ဂလာ



အခမ်းအနားတွင် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း၊ နိကာယ်ကျမ်းနှင့် ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်၊ ရိုးရိုး) စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူကြသော စာအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ စုစုပေါင်း ၁၁၄ ဦးတို့အား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့် လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

**ပွင့်ဖြူ**

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ရွာက်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၅ ရက်က ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာအောင်က သုတရသစာအုပ်စာစောင်များကို ဖတ်ရှုလေ့လာရေး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန (တာဝန်ခံ) ဒုတိယဦးစီးမှူး ဒေါ်ငွေငွေဝင်းက ကျောင်းသား ကျောင်းသူများ အစားအစာ ဘေးကင်းလုံခြုံစေရေးအတွက် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်သည့် သိမှတ်ဖွယ် ပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**ရန်ကင်း**

ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်ခင်စန်းရီတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်၍ ကျောင်းသားကျောင်းသူလေးများက လူငယ်နှင့် အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲသို့ တက်ရောက်သော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

လူ့သက်တမ်းတိုတိုသည် မိမိတစ်ဦးတည်းအတွက် စဉ်းစားရမည့်အချိန်မဟုတ်မူ၍ အများအတွက်၊ မိမိသားသမီးမြေးမြစ်များအတွက် တွေးခေါ်ရမည့်အရွယ် ရောက်နေပါပြီ။ ကိုယ်တိုင်လည်း နိုင်ငံခြားသားခံယူ၊ မိမိသားသမီးများကိုလည်း လက်နက်မကိုင်ခိုင်း၊ နိုင်ငံခြားကျောင်းများသို့ပို့ စာသင်ခိုင်းထားသည့်အခြေအနေနှင့် အလွန်ကွဲပြားခြားနားသော မိမိတို့တိုင်းရင်းသား လူမမည်ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် ဘာများစဉ်းစားထားကြပါသလဲ၊ ဆင်းဆင်းရဲရဲဖြစ်နေရရှာသည့် မိမိတို့ဒေသခံကလေးများအတွက် နိုင်ငံတော်က ဖွင့်ပေးထားသည့်ကျောင်းများကိုမှ မဖွင့်ခိုင်း၊ ကျောင်းများကိုပိတ်ရန်၊ စာမသင်ရန် ဆရာဆရာမများကို ခြိမ်းခြောက်၊ နိုင်ငံ့ဝန်ထမ်းများကို တာဝန်မှ စွန့်ခွာရန် ခြိမ်းခြောက်အကျပ်ကိုင်နေသည့် အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ၎င်းတို့၏ လက်နက်ကိုင်လမ်းစဉ်နှင့် ရည်မှန်းချက်များကဘာလဲ၊ မေးခွန်းထုတ်လိုသူများ ရှိနေကြပါသည်။

### NCA အပေါ် အဘယ်ကြောင့် အခိုင်အမာရပ်တည်နေရသလဲ

လက်ရှိ သက်တမ်း (၈)နှစ်ပြည့်တော့မည်ဖြစ်သည့် NCA (Nationwide Ceasefire Agreement) သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်ခုဖြစ်ပြီး ငြိမ်းချမ်းရေးမုခ်ဦးအဝင် တံခါးဝတစ်ခုလည်း ဖြစ်သည်ဟု တင်စားရပါမည်။ ငြိမ်းချမ်းရေးရောင်ခြည်ပွင့်ထွန်းလာမည့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုအဖြစ် သတ်မှတ်ထားပြီးဖြစ်သောကြောင့် တပ်မတော်က ၎င်း NCA အပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နေခြင်းဖြစ်သည်။

နိုင်ငံရေးထွက်ပေါက် တစ်ခု၊ ငြိမ်းချမ်းရေးလမ်းစ တစ်စအဖြစ် လက်တွေ့ကျပြီး အဓိပ္ပာယ်ပြည့်ဝသော စာချုပ်တစ်ခုဖြစ်၍ တပ်မတော်ဘက်က ဤမျှ အလေးအနက်ထားနေခြင်းလည်း ဖြစ်သည်။ NCA ကို အယူအဆမူဝါဒအရရော လက်တွေ့အရပါ နိုင်ငံတော်ဘက်က အလေးအနက်တန်ဖိုးထားပါသည်။ တိုင်းရင်းသားများ တောင်းဆိုနေသော ဖက်ဒရယ်နှင့် ဒီမိုကရေစီအတွက်ရော တန်းတူညီမျှ အယူအဆရေးရာအတွက်ပါ NCA လောက် စိတ်ချရသည့် အနေအထားတွင်မရှိ၊ ငြိမ်းချမ်းရေးဆိုသည့် အရိပ်အယောင်လေးအတွက် NCA ကို အခြေခံသဘောတရား တစ်ခုအဖြစ် တစ်သမတ်တည်း လက်ကိုင်ထားပါသည်။ သို့သော် NCA ကို ဖျက်ချင်သူက ဖျက်နေသည်။ ဖျက်ရန်ကြံနေသူရှိသလို မပျက်အောင် ကာကွယ်နေသူများလည်း ရှိသည်။ NCA ကို မပျက်စီးစေချင်သည့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်းရှိကြပါသည်။

မပျက်စေချင်သူတို့ကား မိမိတို့ဒေသတွင် စစ်ပွဲများဖြစ်လာမည်ကို မလိုလား၊ NCA ကြောင့်သာ စည်းလွတ်ဝါးလွတ်တိုက်ပွဲများ မဖြစ်ခြင်းဖြစ်သည်ကို သဘောပေါက်သူများဖြစ်သည်။ အပစ်အခတ်နှင့် ပဋိပက္ခများနေရာတွင် ဆွေးနွေးပွဲစားပွဲဝိုင်းဖြင့် အစားထိုးခင်းကျင်းလိုသူများလည်း ဖြစ်သည်။ NCA ကြောင့် တည်ငြိမ်နေသည်များ၊ NCA ကို ဂရုမစိုက်၍ ထိခိုက်သေကျေနေရသည့်အဖြစ်များကို သူတို့သိပါသည်။ တပ်မတော်နှင့် တိုင်းရင်းသားခေါင်းဆောင်အချို့က NCA ကို တန်ဖိုးထား ဖက်တွယ်ထား၍သာ ကိုယ့်မြန်မာနိုင်ငံသား၊ တိုင်းရင်းသားအသက်များ ယခုထက်ပို၍ မဆုံးရှုံးရခြင်းဖြစ်သည်ကို နားလည်ထားသင့်ပါသည်။

တိုင်းရင်းသား အချင်းချင်းကြား အမုန်းစိတ်များ ပိုနက်ရှိုင်းမသွားအောင် NCA ကြီးကို ယခုကဲ့သို့ အလေးထားနေခြင်းလည်းဖြစ်သည်။ အဓိကအချက်က အလုံးစုံသော ငြိမ်းချမ်းရေးရရှိရန်အတွက် NCA သည် ငြိမ်းချမ်းရေးလမ်းကြောင်းအဝင်ဝ တံခါးပေါက်လေး တစ်ခုသာဖြစ်သည်ကို အားလုံးက သိရှိသဘောပေါက်ထားရန်ပင် ဖြစ်သည်။ သဘောထား မတိုက်ဆိုင်မှုများ၊ မတူညီနိုင်သော အကျိုးစီးပွားများအတွက်လည်း အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး စားပွဲဝိုင်းတွင် ဆက်လက်အဖြေရှာ၍ ရပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာ၍ လက်နက်မကိုင်ဘဲ ရလာသည့် ငြိမ်းချမ်းရေးကသာ အမှန်ကန်ဆုံးနှင့်ထာဝရဖြစ်ပါသည်။ အစဉ်မပြတ် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကသာ အသင့်တော်ဆုံးနှင့် လက်တွေ့အကျဆုံးဖြစ်ပါသည်။ နောက်ဆုံးတွင် ရလာသည့် သဘောတူညီချက်များ၊ ထွက်လာသည့် ရလဒ်များဖြင့် ငြိမ်းချမ်းရေးအဖြေတစ်ခုခုကို ရကိုရရမည်ဟု ယုံကြည်ပါသည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် သမိုင်းဝင်စာချုပ်တစ်ခုကို မည်သည့်အခါမျှ ပျက်ပြယ်ခံမည်မဟုတ်မှာသေချာပါသည်။ UN အပါအဝင် နိုင်ငံတကာအသိသက်သေနှင့် ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် EAOs များက စိတ်တူကိုယ်တူပါဝင်လက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်ကြီးဖြစ်၍ ယခုကဲ့သို့ (၈) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို လက်တွေ့ကျကျ အနှစ်သာရရှိရှိ အလေးအနက်ထား ကျင်းပသွားမည်ဟု သိရသည့်အခါ ထိုအချက်အပေါ် သက်ဆိုင်သူအားလုံးက နိုင်ငံချစ်စိတ်ဖြင့် အလေးအနက်ထား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်သာ အဓိကကျပါသည်။

ဆွေးနွေးညှိနှိုင်း၍ ရလာမည့် နိုင်ငံရေးထွက်ပေါက်တစ်ခုကို ဖွင့်ပေးပြီးဖြစ်ရာ ဤလမ်းကြောင်းအတိုင်း ငြိမ်းငြိမ်းချမ်းချမ်း လျှောက်လှမ်းရန်သာရှိပါသည်။ ပူးပေါင်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်၍ မိမိတို့နယ်မြေအလိုက် တည်ငြိမ်အေးချမ်းရေးမှာ မိမိတို့တွင် တာဝန်အရှိဆုံးဖြစ်သည်ဆိုသော အချက်ကို အလေးအနက်ခံယူကြရန်ပင်ဖြစ်သည်။ ငြိမ်းချမ်းသည့်ခေတ်များ၊ နှစ်များ အင်မတန်နည်းခဲ့ရသည့် မြန်မာပြည်ကြီးမှာ သေနတ်သံ၊ ဗုံးသံများကို မည်သူမျှ ဆက်ပြီးကြားချင်တော့မည်မဟုတ်ပါ၊ ကျွန်တော်တို့နိုင်ငံတွင် ယုတ်စွအဆုံး အများကြိုက်သည့် ဒီမိုကရေစီခေတ်မှာပင် ငြိမ်းချမ်းခဲ့သည် မဟုတ်ပါဘူး။ သို့ပေမယ့် သမိုင်းပေးတာဝန်အရ ငြိမ်းချမ်းရေးတံခါးကို ဖွင့်မည့်သူကတော့ ဆက်ပြီးဖွင့်ပေးထားဦးမှာပါပဲ။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ - တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၆**

(၂၃) ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပူးတွဲသဘာပတိ မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးဝန်ကြီးဌာနဝန်ကြီး H.E.Datuk Seri Haji Mohamad bin Sabu နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် (၂၆) ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးနှင့် (၂၆) ကြိမ်မြောက် အာဆီယံအပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့မှ ထွက်ပေါ်လာသော စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများဆိုင်ရာ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းဗျူဟာလုပ်ငန်းစဉ် (၂၀၁၆-၂၀၂၅) အောက်မှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များဖြစ်သည့် စားရေရိက္ခာဖူလုံမှုအပါအဝင် ဇီဝဒြပ်ထုစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောကဏ္ဍ ရေရှည်တည်တံ့စေရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ တိရစ္ဆာန်ရောဂါများနှင့် အပင်ပိုးမွှားများ ကာကွယ်နှိမ်နင်းနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များ ထုတ်လုပ်မှုစွမ်းအားတိုးမြင့်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးနှင့် ဈေးကွက်ရရှိစေရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက်များ ဖလှယ်မှုပြုနိုင်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့တွင် သက်ဆိုင်ရာ လုပ်ငန်းများကို အပေါင်းသုံးနိုင်ငံများမှ နည်းပညာအထောက်အပံ့များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကူညီထောက်ပံ့ပေးခြင်းကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမှုအခြေအနေများကို ဆွေးနွေးကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအပေါင်းသုံး အရေးပေါ် ဆန်အရန်ရိက္ခာထားရှိရေး သဘောတူညီချက်အရ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်များအတွက် လုပ်ငန်းလည်ပတ်မှုရန်ပုံငွေကို ထည့်ဝင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အရေးပေါ်ဆန် အရန်ရိက္ခာထားရှိရေးသဘောတူညီချက်၏ လုပ်ငန်းစဉ် (၁) ဖြစ်သည့် သတ်မှတ်သိုလှောင်ဆန်ကို စီးပွားရေးနည်းလမ်းဖြင့် ဖြန့်ဝေခြင်းအစီအစဉ်အရ ဖိလစ်ပိုင်နိုင်ငံမှ ဝယ်ယူလိုသည့် ဆန်တန်ချိန် ၁၄၀၀၀ ကို မြန်မာနိုင်ငံမှ ရောင်းချပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရေးကို အာဆီယံအရေးပေါ် ဆန်အရန် ရိက္ခာထားရှိရေး အတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အာဆီယံ အပေါင်းသုံး နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးတွင် အထောက်အကူများစွာပြုသည့်အတွက် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတို့၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် (၂၃)ကြိမ်မြောက် အာဆီယံ အပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးသို့ Virtual စနစ်ဖြင့် ဆက်လက်တက်ရောက်ကြသည်။

ဦးစွာ သဘာပတိ မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာ ဖူလုံရေးဝန်ကြီးဌာနဝန်ကြီး H.E.Datuk Seri Haji Mohamad bin Sabu နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့၏ ဗဟိုကော်မတီအဖွဲ့ဝင် H.E.Mr. Zhao Zenglian တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် (၄၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များအား တင်ပြခြင်း၊ (၈)ကြိမ်မြောက် အာဆီယံ - တရုတ် အပင်ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ အစည်းအဝေး၏ အစီရင်ခံစာကို အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးရာတွင်**(ဝဲပုံ)**(၈)ကြိမ်မြောက် အာဆီယံ - တရုတ် ပိုးမွှားရောဂါ ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များ၏ အစည်းအဝေး အစီရင်ခံစာတွင် ဖော်ပြပါရှိသော ၂၀၂၂-၂၀၂၃အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို အားရကျေနပ်မိကြောင်း၊ အဆိုပါ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အာဆီယံ-တရုတ် ပိုးမွှားရောဂါ ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးက (၈)ကြိမ်မြောက် အာဆီယံ -တရုတ် ပိုးမွှားရောဂါ ကင်းစင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ပြီး အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ယခုပြုလုပ်သည့် အစည်းအဝေးကို အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က တစ်လှည့်စီ အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိရာ (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါ ကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်းဆုံး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြရန်နှင့် အပြုသဘောဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသမည့် ပြခန်းဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် စပ်လျဉ်းသည့် ကြိုဆိုနေရာချထားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နျူကလီးယားရေငုပ်သင်္ဘောအချက်အလက်များကို နိုင်ငံခြားသားတစ်ဦးထံ မျှဝေပေးခဲ့သည်ဟု အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့် စွပ်စွဲခံရ

**ဝါရှင်တန်  အောက်တိုဘာ  ၆**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၂၀၂၁ခုနှစ် ဧပြီလတွင် အိမ်ဖြူတော်မှ ထွက်ခွာပြီးနောက် အမေရိကန်နျူကလီးယားရေငုပ်သင်္ဘောများအကြောင်းကို ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံ မျှဝေပေးခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ထရမ့်၏ Mar-a-Lago အိမ်ရာတွင်ဩစတြေးလျနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်နှင့် တွေ့ဆုံစဉ် အရေးကြီးသည့်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့သည်ဟု အေဘီစီရုပ်သံတွင် အောက်တိုဘာ ၆ ရက်က ဖော်ပြခဲ့သည်။ ပုံမှန်လှည့်လည်နေသည့် ရေငုပ်သင်္ဘောများတွင် နျူကလီးယားထိပ်ဖူးမည်မျှတပ်ဆင်ထားကြောင်းနှင့် ရုရှားရေငုပ်သင်္ဘောများကို မည်မျှနီးနီးကပ်ကပ်ပစ်ခတ်နိုင်ကြောင်း ဖော်ပြခဲ့သည်ဟု စွပ်စွဲထားသည်။

ထရမ့်၏ ပြောရေးဆိုခွင့်ရှိသူကမူ ထရမ့်မှာဥပဒေဘောင်အတွင်းမှသာ လုပ်ဆောင်လေ့ရှိသည်ဟု ပြောသည်။ ထရမ့်သည် အိမ်ဖြူတော်မှ ထွက်ခွာပြီးနောက် ခွဲခြားသတ်မှတ်ထားသော စာရွက်စာတမ်းများကို တရားမဝင်သိမ်းဆည်းမှုဖြင့် ဇွန်လအတွင်းက တရားစွဲဆိုခံခဲ့ရသည်။ ထရမ့်မှာ လာမည့်နှစ်တွင် ရွေးကောက်ပွဲပြန်ဝင်ရန် စီစဉ်ထားမှုကြောင့် အရေးကြီးသည့်အချက်အလက်များအပေါ် ထရမ့်၏ ကိုင်တွယ်မှုကို မီဒီယာများက အာရုံစိုက်နေကြသည်။

အင်န်အိတ်ချ်ကေ



အမေရိကန် သမ္မတဟောင်းဒေါ်နယ်ထရမ့်ကို ပရက်ဒ်လုပ်ငန်းစုပိုင်ရှင် အန်တိုနီပရက်ဒ်၊ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း စကော့မော်ရစ်ဆင်တို့နှင့်အတူ ၂၀၁၉ ခုနှစ် အိုဟိုင်းအိုးပြည်နယ်တွင် တွေ့ရစဉ်။

# ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသား ၁ ဒသမ ၂၉ သန်းခန့် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်

**မနီလာ  အောက်တိုဘာ  ၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ယနေ့အထိ ဖိလစ်ပိုင်နိုင်ငံသား အနည်းဆုံး ၁ ဒသမ ၂၉ သန်းခန့် ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း ဖိလစ်ပိုင်ရွှေ့ပြောင်း အလုပ်သမားများဌာနက ပြောကြားသည်။

ပထမ နှစ်ဝက်အတွင်း ဖိလစ်ပိုင်အလုပ်သမားများ နိုင်ငံရပ်ခြားအလုပ်လုပ်ကိုင်ခွင့် ချထားပေးသည့် အရေအတွက်သည် ယခင်နှစ်ထက် ၃၇ ဒသမ ၄၆ ရာခိုင်နှုန်းပိုများကြောင်း ဖိလစ်ပိုင်ရွှေ့ပြောင်း အလုပ်သမားများဌာန တာဝန်ခံ ဟန်းစ်ကက်ဒက်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။



နယ်စပ်မှတစ်ဆင့် သွားရောက်သည့် အလုပ်သမား ၉၆၆၄၇၉ ဦးနှင့် ပင်လယ်ရေကြောင်းခရီးဖြင့် သွားရောက်သူ ၃၂၄၉၄၁ ဦးရှိပြီး အလုပ်သမားအများဆုံး သွားရောက်သည့် နိုင်ငံများအနက် ဆော်ဒီအာရေးဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် စင်ကာပူနိုင်ငံတို့ ပါဝင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကက်ဒက်၏ အဆိုအရ ကျန်းမာရေးဝန်ထမ်းလုပ်ကိုင်ရန် သွားရောက်သူ အများဆုံးဖြစ်ပြီး ခရီးသွားလုပ်ငန်းနှင့် ဆောက်လုပ်ရေးနှင့်သက်ဆိုင်သော အလုပ်သမားများမှာ ဒုတိယအများဆုံးဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်အလုပ်သမား ၂၀၅၇၀၄၀ ကို ပြည်ပသို့ သွားရောက်လုပ်ကိုင်ခွင့်ပြုပေးခဲ့သည်။

ဆင်ဟွာ

# မိုင်းအန္တရာယ်ကြောင့် ထိခိုက်သူများအား ထောက်ပံ့ရေး ကမ္ဘာလုံးဆိုင်ရာ တတိယအကြိမ်ညီလာခံကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**ဖနောင်ပင်  အောက်တိုဘာ  ၆**

မြေမြှုပ်မိုင်းနှင့် အခြားသောဖောက်ခွဲရေးပစ္စည်းများကြောင့် ထိခိုက်ခံစားရသူများအား မသန်စွမ်းမှုအခွင့်အရေးအရ အကူအညီပေးရေး ကမ္ဘာလုံးဆိုင်ရာ တတိယအကြိမ် ညီလာခံကို ကမ္ဘောဒီးယားက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

မြို့တော် ဖနောင်ပင်၌ အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပရန် စီစဉ်ထားသော အဆိုပါ ညီလာခံသည် နိုင်ငံနှင့် ဒေသပေါင်း ၄၅ ခုမှ ကိုယ်စားလှယ်များကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း မိုင်းအန္တရာယ်နှင့်ပတ်သက်သည့် အရေးယူမှုများနှင့် ထိခိုက်သူများ ကူညီစောင့်ရှောက်ရေးအာဏာပိုင်အဖွဲ့၏ ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ(၁) လီသုက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် စစ်ကျန်မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲရေးပစ္စည်းများကြောင့် ထိခိုက်မှုအဆိုးရွားဆုံး နိုင်ငံများထဲမှ တစ်ခုဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် ပြီးဆုံးခဲ့သော ဆယ်စုနှစ်သုံးခုကြာ စစ်ပွဲနှင့် ပြည်တွင်းပဋိပက္ခများမှ ခန့်မှန်းခြေမြေမြှုပ်မိုင်းနှင့် အခြားခဲယမ်းမီးကျောက် ၄ ဒသမ ၆ သန်းခန့် ကျန်ရှိခဲ့သည်။ ယေးလ်တက္ကသိုလ်၏ အဆိုအရ ၁၉၆၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း အမေရိကန်သည် ကမ္ဘောဒီးယားရှိ နေရာပေါင်း ၁၁၃၇၁၆ ခုတွင် ဗုံး ၂၃၀၅၁၆ လုံးခန့် ကြဲချခဲ့သည်ဟု ဆိုသည်။

၁၉၇၉ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဇွန်လအထိ မြေမြှုပ်မိုင်းနှင့် စစ်ကျန်ခဲယမ်းများ ပေါက်ကွဲမှုများကြောင့် လူပေါင်း ၁၉၈၂၁ ဦး သေဆုံးခဲ့ပြီး ၄၅၂၀၅ ဦးတို့၏ ခန္ဓာအစိတ်အပိုင်းများ ထိခိုက်ပြတ်တောက်မှုများဖြစ်ပွားခဲ့ကြောင်း ဝန်ကြီးသပ်ချ်က ပြောကြားသည်။

ဆင်ဟွာ

## ဇမ်ဘီယာနိုင်ငံ၌ လိုအပ်ချက်များနှင့် ကိုက်ညီရန် ဆရာအသစ် ၈၀၀၀၀ ကျော် လိုအပ်

**လူဆာကာ  အောက်တိုဘာ  ၆**

ကမ္ဘာတစ်ဝန်း ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့ရာ ဇမ်ဘီယာနိုင်ငံလည်း ပါဝင်ခဲ့သည်။ ဇမ်ဘီယာနိုင်ငံ၌ ဆရာ-တပည့်အချိုးညီမျှစေရန်အတွက် ဆရာအသစ် ၈၀၀၀၀ ကျော် လိုအပ်လျက်ရှိသည်ဟု အစိုးရက ပြောသည်။

ဆရာသစ်စုဆောင်းရေးကို အစိုးရက စတင်ဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်အတွင်း ဆရာသစ် ၃၀၄၉၆ ဦးကို စုဆောင်းနိုင်ခဲ့ပြီး ယခုနှစ်အတွက် ဆရာသစ် ၄၅၀၀ ကို စုဆောင်းနိုင်ခဲ့သည်ဟု ပညာရေးဝန်ကြီး ဒေါက်ဂလက်စ်ရှာကလီမာက ပြောသည်။ ကျောင်းသားများကို ပိုမိုလက်ခံနိုင်မည့် အခမဲ့ပညာရေးစနစ်မူဝါဒအတွက် ဆရာများ ပိုမိုလိုအပ်ကြောင်း အောက်တိုဘာ ၅ ရက်က ထုတ်ပြန်ချက်တွင် ၎င်းကပြောကြားခဲ့သည်။

ဆင်ဟွာ

# ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုနှုန်း စံချိန်သစ်တင်

**ဟနွိုင်း  အောက်တိုဘာ  ၆**

၂၀၂၃ ခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုနှုန်းမှာ ၃၄ နှစ်အတွင်း ဝင်ငွေအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆ ဘီလီယံရှိခဲ့ရာ တစ်နှစ်ထက် တစ်နှစ် ၄၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဝန်ကြီးဌာနက အောက်တိုဘာ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၆ ဒသမ ၆ သန်း တင်ပို့ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံ ပျမ်းမျှ ဆန်တင်ပို့မှုဈေးနှုန်းမှာ လွန်ခဲ့သည့် သုံးလပတ်အတွင်း တစ်တန်လျှင် ၅၅၃ ဒေါ်လာရှိပြီး ပြီးခဲ့သည့်နှစ် ကာလတူကထက် ၁၄ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ ဖိလစ်ပိုင်၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ပထမ ရှစ်လအတွင်း ဗီယက်နမ် ဆန် ထွက်ကုန်များ အများဆုံးဝယ်ယူကြကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့် သုံးလပတ်အတွင်း ဆန်အမျိုးအစားအားလုံး၏ တန်ချိန် ၁ သန်းကျော်ကို တင်ပို့ရန် ရည်မှန်းထားသည်။ အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ဆန်တန်ချိန် ၇ ဒသမ ၅ သန်းမှ ၇ ဒသမ ၈ သန်းအထိ တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ဆင်ဟွာ



# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ လှေတိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် လေးဦးပျောက်ဆုံးနေ

**နယူးဒေလီ  အောက်တိုဘာ  ၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၏ ကမ်းရိုးတန်း၌ လှေတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် အခြားလူသုံးဦးကို ကယ်ဆယ်ခဲ့ပြီး ငါးဖမ်းသမားလေးဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

အဆိုပါလှေမှာ အောက်တိုဘာ ၅ ရက် သန်းခေါင်ယံက ကိုချီခရိုင် မူနမ်ဘမ်ဆိပ်ကမ်း၏ မြောက်ဘက် ရေမိုင် ၁၁ မိုင်ခန့်အကွာတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ လှေတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ကီရာလာငါးလုပ်ငန်းဦးစီးဌာနက ပျောက်ဆုံးနေသည့်ငါးဖမ်းသမားလေးဦးကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ လှေပေါ်၌ ငါးဖမ်းသမား ခုနစ်ဦးရှိပြီး သုံးဦးကို အခြားငါးဖမ်းလှေများက ကယ်ဆယ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆင်ဟွာ

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ





**နေပြည်တော် အောက်တိုဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းနှင့် အခြေခံလက်ရက်ကန်း သင်တန်းဆင်းပွဲတို့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း **(ယာပုံ)**၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ မိုင်းဆတ်မြို့ သင်တန်းကျောင်းတွင် အမှတ် (၁၄) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အေးမင်းဦး၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ ဆိုက်ခေါင်မြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ခန္တီးမြို့ သင်တန်းကျောင်းတွင် အခြေချစစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်မောင်မောင်၊ လဟယ်မြို့ သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့ တက်ရောက်ကြပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ဦးစီးမှူးများနှင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်များရှိ တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါသင်တန်းများတွင် နယ်စပ်ဒေသ အပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိရာ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးပြီး ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည့်အပြင် သင်တန်းထူးချွန်ဆုရရှိသူများအား သင်တန်းကျောင်းမှ အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးသည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၂၄ ကျောင်းတွင် ၂၀၂၃ ခုနှစ် မေ ၈ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူ ၇၆၂ ဦး တက်ရောက်ခဲ့သည်။ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူ စုစုပေါင်း ၉၅၈၃၅ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နဂါးလှေလှော်ပြိုင်ပွဲက ကြေးတံဆိပ်တစ်ခုထပ်မံဆွတ်ခူးရရှိ



**နေပြည်တော် အောက်တိုဘာ ၆**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဝမ်ကျိုးမြို့ Wenzhou Dragon Boat Center ၌ နဂါးလှေလှော် (Dragon Boat) အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၀ (၁၂) တက်လှော်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အုပ်ချုပ်မှုအဖွဲ့များ တက်ရောက်အားပေးသည်။

အမျိုးသား မီတာ ၁၀၀၀ (၁၂) တက်လှော်ပြိုင်ပွဲ ပွဲစဉ်တွင် ပြိုင်ပွဲဝင် (၁၁) သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ အင်ဒိုနီးရှားအသင်းက ပထမ၊ တရုတ်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယ ရရှိခဲ့ပြီး မြန်မာ(အမျိုးသား) အသင်းသည် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ **(ယာပုံ)**

ထို့အတူ အမျိုးသမီး မီတာ ၁၀၀၀ (၁၂)တက်လှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ရာ တရုတ်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့်တောင်ကိုရီးယားအသင်းက တတိယရရှိခဲ့ကြပြီး မြန်မာအသင်းက အဆင့် (၆) နေရာ ရရှိခဲ့သည်။



ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းဟွာမြို့ Jinhau Sports Center ၌ ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီတွင် အမျိုးသမီး သုံးယောက် အုပ်စုပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

မြန်မာပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲအသင်းသည် အုပ်စုပတ်လည် ပြိုင်ပွဲတွင် လေးသင်းတစ်အုပ်စုဖြင့် သုံးပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင် နှစ်ပွဲရှုံးဖြင့် လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲအသင်းသည် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် သုံးသင်း တစ်အုပ်စုဖြင့် နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲလုံးရှုံးနိမ့်သည့်အတွက် မြန်မာအမျိုးသား၊ အမျိုးသမီး အသင်းအနေဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ခုနစ်နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့အထိ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ် သုံးခုရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ မြေပဲနှင့်မတ်ပဲ အထွက်ကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ရေတာရှည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေးအတွက် မြေပဲနှင့် မတ်ပဲ အထွက်ကောင်းမျိုးသန့် မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ယွန်းလျှံလယ်ယာအထောက်အကူပြုစခန်း မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဦး၏ ခြံတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် မိမိတို့ ဒေသ၌ မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ကြံသီးနှံ လေးမျိုးကို ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလာမည့် ဆောင်းသီးနှံစိုက်ပျိုးရာတွင် ရည်မှန်းထားသောသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် မိမိတို့မြို့နယ် စိုက်ပျိုးကြီးကြပ်မှုကော်မတီအနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် တက်ရောက်လာကြသည့် တောင်သူများအနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အကောင်အထည်ဖော် စိုက်ပျိုးရာတွင် မျိုးကောင်း မျိုးသန့်များ အသုံးပြုစိုက်ပျိုးရန်၊ စိုက်ချိန်နောက်မကျစေရန်၊ မြေပြုပြင်ရာတွင် စနစ်တကျပြုပြင်ပြီး သွင်းအားစုများထည့်သွင်းအသုံးပြုရန် လိုအပ်ကြောင်း ပြောကြားပြီးနောက် တောင်သူများအား မြေပဲနှင့် မတ်ပဲ အထွက်ကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ ယွန်းလျှံလယ်ယာအထောက်အကူပြုစခန်း မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးဦးက ဆောင်းသီးနှံကန်ထရိုက်ပြုလုပ်မည့် အစီအစဉ်ကိုရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများက ဆောင်းသီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# တန်ဖိုးမြှင့်ဝါးထုတ်ကုန် နည်းပညာများမျှဝေနေသည့် ဇေယျာသီရိမြို့နယ်မှ ဝါးလက်မှုနည်းပညာလုပ်ငန်း

**တွေ့ဆုံမေးမြန်း-ရွှေပင်လယ်(IPRD)၊ ဓာတ်ပုံ- အေးလင်းထွန်း(ဇေယျာ)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နေပြည်တော်တွင် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့အနက် ဝါးလက်မှုပစ္စည်းများ ထုတ်လုပ်နေမှုများနှင့် ဝါးလက်မှုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်ပတ်သက်ပြီး နည်းပညာများ လေ့ကျင့်သင်ကြားပေးနေသူ ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာမှ ဝါးလက်မှု ဦးကျော်ဝင်းနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။



မေး ။ ။ ဒီဝါးလက်မှုလုပ်ငန်းကို ဘယ်အချိန်က စလုပ်ကိုင်ဖြစ်တာလဲရှင်။

ဖြေ ။ ။ ၂၀၁၄၊ ၂၀၁၅ ခုနှစ် လောက်ကတည်းက စလုပ်ဖြစ်တာပါ။ စစချင်းတုန်းက ဝါးစိုက်တာပေ့ါ။ စိုက်တဲ့ဝါးတွေက ရာသီဥတုသိပ်မရွေးဘူး။ ဝါးပင်က ပုံမှန်အားဖြင့် မျှစ်တစ်ပိဿာကို ကျပ် ၃၀၀၀ ကနေ ၈၀၀၀ လောက်အထိ ရှိတယ်။ ဒီဝါးပင်က မျှစ်တွေကို ဂျပန်တို့ ထိုင်ဝမ်တို့ကို ပို့မယ်ဆိုပြီး စလုပ်လာခဲ့တာ။ မျှစ်ရဖို့အတွက် ဝါးကို ဧက ၅၀၀၀၊ ၁၀၀၀၀ စိုက်မယ်၊ ဝါးအသုံးချရေး နည်းပညာကို လိုက်ပြီး လေ့လာသင်ယူရင်းနဲ့ ပထမတော့ ဝါးပရိဘောဂပေ့ါ၊ နောက်တော့ တန်ဖိုးမြှင့်အဖြစ် အဆောက်အအုံ၊ အထပ်သား၊ ပါကေးတို့အဲဒီအဆင့်ကိုရောက်ချင်တာ။ ပိုက်ဆံလည်း များများလိုချင်တယ် သမ္မာအာဇီဝလည်းကျချင်တယ်၊ နေထိုင်ရတာ သက်သောင့်သက်သာလည်း ဖြစ်ချင်တယ်။ လေ့လာပြီး တွက်ကြည့်လိုက်တော့ တစ်နှစ်ကို တစ်ဧက ငွေကျပ် သိန်း ၅၀ ကတော့ ပြေးမလွတ်ဘူး၊ လုပ်သင့်တဲ့ လုပ်ငန်းတစ်ခုဆိုပြီး စလုပ်ဖြစ်သွားတာပါ။ Bamboo ဝါးကုန်ထုတ်သမဝါယမအသင်းဆိုပြီး ဖွဲ့ထားတယ်။ Bamboo မျှစ်ထုတ်လုပ်ရေးလုပ်ငန်းနဲ့ Bamboo ဝါးပရိဘောဂလုပ်ငန်းဆိုပြီး မှတ်ပုံတင်ထားတယ်။

မေး ။ ။ ဝါးလက်မှုလုပ်ငန်းမှာ အဓိကထုတ်ကုန်က ဘာထုတ်လုပ်ပါသလဲရှင်။

ဖြေ ။ ။ ဝါးလက်မှုနည်းပညာသင်တန်းကို အဓိက သင်ပါတယ်။ ပြီးရင် ဝါးပရိဘောဂပေ့ါ။

မေး ။ ။ ဝါးလက်မှုလုပ်ငန်းမှာ ဘယ်လိုသင်တန်းမျိုးတွေ သင်ပေးနေပါသလဲရှင်။

ဖြေ ။ ။ ဒီမှာက အရင်တုန်းက ပန်းပုလည်း သင်လို့ရတယ်။ ဝါးတဲဆောက်တာ၊ ပရိဘောဂလုပ်တာ၊ ခမောက်ရက်တာ၊ မီးသွေးဖုတ်တာ၊ ဆပ်ပြာလုပ်တာ၊ ခေါင်းလျှော်ရည်လုပ်တာ အကုန်သင်ပေးပါတယ်။ ဝါးပေါင်းခံရည်လည်း လုပ်တယ်။

မေး ။ ။ ဝါးလက်မှုသင်တန်းကို ဘယ်ဒေသတွေက လာတက်ကြပါသလဲ။ သင်တန်းသား ဘယ်လောက် မွေးထုတ်ပေးနိုင်ခဲ့ပြီလဲ။

ဖြေ ။ ။ မြစ်ကြီးနား၊ ချင်း၊ ရှမ်း၊ ရခိုင်၊ ရေး၊ မြိတ်အစုံပဲ တစ်နိုင်ငံလုံး လာတက်ကြတယ်၊ အရင်ကတော့ တစ်နှစ်ကို သင်တန်းသား ၂၀၀ လောက် ပုံမှန်သင်တန်းဆင်းတယ်။ အခုလည်း သင်တန်းသား ၅၀ လောက်တော့ ရှိပါတယ်။ ထွက်သွားလိုက် သူတို့ဒေသမှာ မိုးရာသီ အလုပ်မရှိဘူးဆိုရင် ပြန်ဝင်လာလိုက် ဖြစ်နေတာပေ့ါ။ ငွေလည်းစုရင်း အတတ်ပညာလည်း ထပ်သင်ရင်းပေ့ါ။ သင်တန်းသား ဦးရေ ၁၈၀၀ နဲ့ အထက်မှာ ရှိပါတယ်။

မေး ။ ။ ဒီက သင်တန်းဆင်းသွားတဲ့သူတွေက ဝါးလက်မှုလုပ်ငန်းကို ဆက်လုပ်ကြတာလား။

ဖြေ ။ ။ ဝါးပရိဘောဂလုပ်တယ်၊ အဆောက်အအုံတွေ လုပ်ကြတယ်။ တချို့လည်း သူဌေးတွေဖြစ်ပြီး အောင်မြင်နေကြပါတယ်။

မေး ။ ။ ဝါးအဆောက်အအုံတွေကို သီးခြားဆောက်ထားတာလား။

ဖြေ ။ ။ ကျွန်တော့်ခြံဝင်းထဲက အိမ်တွေ တော်တော်များများက နေဖို့အတွက် သီးသီးသန့်သန့်နဲ့ ဆောက်ထားတာ မဟုတ်ဘူး။ သင်တန်းပေးရင်းနဲ့ သင်တန်းသားတွေ ဆောက်တာ များပါတယ်။ စိတ်တိုင်းကျတော့ မဟုတ်ဘူးပေ့ါ။

မေး ။ ။ လုပ်ခအနေနဲ့ရော ဘယ်လိုသတ်မှတ်ထားပါသလဲ။

ဖြေ ။ ။ ငယ်တဲ့ကလေးတွေဆိုရင် ကျပ် ၅၀၀၀ လောက်က စပေးတယ်။ တစ်ပတ်လောက်နေရင် ကျပ် ၅၅၀၀၊ ၆၀၀၀ စသဖြင့် ၈၀၀၀ လောက်အထိ ပေးပါတယ်။ ကျပ် ၁၀၀၀၀ နဲ့ ၁၀၀၀၀ အထက်တွေကတော့ များပါတယ်။ ကျပ် ၁၅၀၀၀ အထိ ပေးပါတယ်။

မေး ။ ။ အခု အလုပ်ဆင်းနေတဲ့သူတွေက သင်တန်းသားတွေလား။

ဖြေ ။ ။ ကျွမ်းကျင်တဲ့ လူလည်းပါတယ်။ သင်တန်းသားတွေလည်း ပါတယ်။ သင်တန်းသားတွေက သင်တန်းတက်ရင်းနဲ့ ပရိဘောဂလာသင်တယ်၊ သင်ရင်းနဲ့ ပရိဘောဂလုပ်ရောင်းတယ်။ ဝါးတဲတွေ ဆောက်ရောင်းတာပေ့ါ။ ဝါးတဲလေးတွေကိုတော့ စားသောက်ဆိုင်တွေက မှာကြပါတယ်။ သိပ်မကျွမ်းကျင်ရင် ၁၀ ရက်လောက် ဆောက်ရတယ်။ သင်တန်းပေးရင်းနဲ့ စမ်းပြီးဆောက်ထားတာတွေလည်း ရှိပါတယ်။ တစ်လုံးကို ခုနစ်သိန်းခွဲ ရောင်းရပါတယ်။ သင်တန်းပေးတာနဲ့ လက်တွေ့လုပ်တာက တစ်ပြိုင်တည်းလုပ်တာ။ တချို့ သင်တန်းသားတွေဆိုရင် စရိတ်ပါမလာဘူး ဒါမျိုးဆို ထုတ်ချေးပေးတယ်၊ သင်တန်းကာလရယ်လို့ သီးခြားသတ်မှတ်ထားတာ မရှိဘူး၊ တစ်ပတ်ဆိုရင် ထိုင်ခုံတစ်လုံး၊ နှစ်လုံး စလုပ်လို့ရပြီ အဲဒီအချိန်ဆို သူတို့အတွက် ပိုက်ဆံရပြီ၊ တချို့က ဆောက်လုပ်ရေးသင်တယ်၊ တချို့က ဒီဇိုင်းပိုင်းသင်တယ်၊ ယင်းလိပ်သင်တန်းတွေလည်း ပေးတယ်၊ ဒါတွေကို သင်တန်းကြေးမယူဘဲ သင်ပေးတာ။ တော်တော်ကြိုးစားတဲ့ သူဆိုရင် တစ်လကို ဆယ်သိန်းကျော်လောက် ဝင်ငွေရှိတယ်။

မေး ။ ။ ဒီလို ဝါးလက်မှုသင်တန်းဖွင့်တဲ့အတွက် ဘယ်လို အကျိုးကျေးဇူးရရှိပါသလဲ။

ဖြေ ။ ။ လာသင်တဲ့သူတွေအနေနဲ့ ပညာလည်းရ၊ ငွေလည်းရတဲ့ Cash for Work အစီအစဉ်ပါပဲ။ ကျွန်တော်က သင်တန်းပေးတယ်၊ ဝါးတဲဆောက်ဖို့အတွက် ဆေးစိမ်ပြီးပြုတ်ပြီးသားဝါးကို ကျွန်တော်က ရောင်းပေးတယ်၊ ပစ္စည်းပေါ်မှာ အကျိုးအမြတ်က သင်တန်းသားတွေက ခံစားရတယ်။ သင်တန်းသားတွေလည်း ပိုက်ဆံရတယ်၊ ကျွန်တော်ကလည်း ဝါးရောင်းရတယ်။ ဝါးရောင်းရတဲ့ငွေနဲ့ ကျွန်တော်တို့ ဒီသင်တန်းကို ရပ်တည်နိုင်တယ်။

မေး ။ ။ ဝါးကို မှိုမတက်၊ ပိုးမထိုးအောင် ဘယ်လိုလုပ်ထားပါသလဲ။ ဝါးသက်တမ်းက ဘယ်လောက် ကြာရှည်ခံနိုင်ပါသလဲရှင်။

ဖြေ ။ ။ ဝါးကို အရင်ဆုံး အလယ်ကနေ ထိုးဖောက်ရပါတယ်။ ဖောက်ပြီးမှပြုတ်ရတာ၊ ပြုတ်ပြီးမှ သုံးကြတာ။ ပိုးမထိုးအောင်တော့ ထိန်းထားရပါတယ်။ ဝါးလုံးအရှည်လိုက် ကန်နဲ့ နှစ်ရက်ထည့်ပြုတ်ရပါတယ်။ တစ်ရက်က မီးထိုးတယ်၊ နောက်တစ်ရက်ကို ဒီအတိုင်းပဲထားပါတယ်။ ပြုတ်တဲ့အချိန်မှာ ရေထဲကို သဲဆပ်ပြာထည့်တယ်။ ပြာရည်လည်းထည့်တယ်၊ ဝါးပေါင်းခံရည်လည်း ထည့်တယ်။ ရောစပ်တဲ့အချိုးအတိုင်းပေ့ါ။ ရေသုံးဂါလန်ဆိုရင် ဆေးတစ်ပေါင်ပေ့ါ။ အပူချိန် ၇၀ ဒီဂရီနဲ့ အချိန် ၂၄ နာရီ ထားပါတယ်။ ပရိဘောဂက မှိုတော့တက်နိုင်တယ်၊ ပိုးမထိုးနိုင်တော့ဘူး။ နှစ် ၁၀၀ လောက်အထိ ခံပါတယ်။ ခန့်မှန်းပေ့ါ။ အင်ဒိုနီးရှားနိုင်ငံက လူတွေက နှစ် ၇၀၊ ထိုင်းနိုင်ငံက လူတွေက နှစ် ၁၅၀၊ အိန္ဒိယနိုင်ငံက လူတွေက ၂၅ နှစ် သတ်မှတ်ကြတာပေ့ါ။ တရုတ်မှာ နှစ်ထောင်ဂဏန်းရှိတဲ့ ဝါးအဆောက်အအုံတွေရှိတယ်။ မြင်းခြံ၊ နွားထိုးကြီး၊ ကယားဘက်မှာလည်း နှစ် ၁၀၀ ဝန်းကျင်သက်တမ်းရှိတဲ့ ဝါးအဆောက်အအုံတော်တော်များများ တွေ့ပါတယ်။ သုတေသနတော့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနနဲ့ပေါင်းပြီး ဓာတ်ခွဲစမ်းသပ်တာတော့ လုပ်နေပါပြီ။

မေး ။ ။ ဝါးပြုတ်တဲ့အခါ တစ်ကြိမ်ပြုတ်ရင် ဝါးအလုံး ဘယ်လောက်လောက် ပြုတ်လို့ရပါသလဲ။

ဖြေ ။ ။ ပြုတ်တဲ့ကန်က နှစ်ပေကျော် သုံးပေနီးပါးရှိတယ်။ ဝါးကြီးရင် တစ်ကန်ကို ဝါးအလုံး ၇၀ လောက် ဆံ့တယ်။ ဝါးသေးရင်တော့ တစ်ကန်ကို ဝါးအလုံး ၃၀၀ လောက် ဆံ့ပါတယ်။ ကြသောင်းဝါးအလတ်တွေဆိုရင် ၁၀၀ ကျော်လောက်ဆံ့တယ်။

*စာမျက်နှာ ၁၇ သို့*





ဝါးဖြင့်ဆောက်လုပ်ထားသည့် အဆောက်အအုံတစ်ခုနှင့် ဝါးလက်မှုထုတ်ကုန်ဝါးတဲများကို တွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ National Research Nuclear University (Moscow Engineering Physics Institute-MEPhI) တက္ကသိုလ်နှင့် နျူကလီးယားနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများရေးထိုး

**ရန်ကုန် အောက်တိုဘာ ၆**

အဏုမြူစွမ်းအင်၊ နျူကလီးယားနည်းပညာ ဘာသာရပ်များ အပါအဝင် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်အကျိုးပြု စွမ်းအားစုများအဖြစ် အရည်အသွေးပြည့်မီသော နည်းပညာရှင်များကို မွေးထုတ်ရေးနှင့် ပြည်သူ့အကျိုးပြု သုတေသနများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အဓိကရည်ရွယ်ကာ တက္ကသိုလ် သုံးခုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ National Research Nuclear University (Moscow Engineering Physics Institute–MEPhI) တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ဒုတိယဝန်ကြီးက ရုရှားနိုင်ငံသည် မြန်မာနိုင်ငံနှင့် အစဉ်မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုနှစ်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုပြည့်နှစ်ဖြစ်ရာ ၁၉၅၈ ခုနှစ်၌ ရုရှားနိုင်ငံမှ စီးပွားရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပံ့ပိုးမှုများဖြင့် စတင်တည်ထောင်ပေးခဲ့ရာမှ မြန်မာ့ အင်ဂျင်နီယာပညာရေးကဏ္ဍတွင် မီးရှူးတန်ဆောင်ဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် နှစ်နိုင်ငံကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအတွက် ထူးခြားပြီး အရေးပါသည့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ Ranking မြင့်မားသည့် အထင်ကရ MEPhI တက္ကသိုလ်နှင့် မိမိတို့တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရသည်ကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နျူကလီးယားနည်းပညာကဏ္ဍ မြင့်မားရေးအတွက် အပြန်အလှန်ဖလှယ်ကာ မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ MEPhI တက္ကသိုလ် ဒုတိယပါမောက္ခချုပ် Dr. Dmitry A Savkin က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တို့နှင့် MEPhI တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကာ **(အပေါ်ယာပုံ)** သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Documentry သီချင်းနှင့် MEPhI တက္ကသိုလ် Documentry ဗီဒီယိုတို့ကို ကြည့်ရှုသည်။




ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ MEPhI တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်ရှိ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များသည် ပင်မဆောင်ရှေ့နှင့် အထိမ်းအမှတ် ကျောက်စာတိုင်ရှေ့တို့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းတော်မြို့၌ စားဆီများကိုဈေးနှုန်းချိုသာစွာဖြင့် ဒုတိယအကြိမ်ရောင်းချ

**အင်းတော် စက်တင်ဘာ ၆**

အင်းတော်မြို့၌ အောက်တိုဘာ ၅ ရက် နံနက်က စားဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ ဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ဒေသခံပြည်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို အင်းတော်မြို့နယ် ဆန်စပါးကုန်သည်များအသင်းက ဦးဆောင်၍ လူတစ်ဦးလျှင် စားဆီ ၅၀ ကျပ်သား ရောင်းချပေးခဲ့သည်။ အင်းတော်မြို့နယ် ဆန်စပါး ကုန်သည်ကြီးအသင်းမှ ပြည်သူများ စားဝတ်နေရေးအတွက် အဆင်ပြေစေရန် ပြင်ပတွင် စားဆီတစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဈေးရှိနေချိန်တွင် မိမိတို့အသင်းအနေဖြင့် အင်းတော်မြို့နယ် ပြည်သူများအား စားဆီတစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

အဆိုပါ စားဆီရောင်းချရာသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှတင့်နှင့် တပ်ဖွဲ့ဝင်များက ကြီးကြပ်အားပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

*စာမျက်နှာ ၁၆ မှ*

**မေး ။ ။ သင်တန်းအမျိုးအစား ဘယ်နှခုလောက် သင်ကြားပေးပါသလဲရှင်။**

ဖြေ ။ ။ ၂၈ မျိုးလောက် သင်ပေးပါတယ်။ လက်မှုပစ္စည်းလည်း အမျိုးမျိုးပေါ့။ ကိုယ်မတတ်ရင် တခြားက ဆရာခေါ်ပြီး သင်ပေးပါတယ်။ ခမောက်ဆိုရင် ငါးသိုင်းချောင်းက ဆရာခေါ်ပြီး သင်ပါတယ်။ ဦးထုပ်တွေထိုးတာက ဝက်လက်၊ ရွှေဘိုက ဆရာခေါ်ပြီး သင်တာပေါ့။ လက်မှုဆရာ ခေါ်မယ်ဆိုရင်တော့ လူစုရတာပေါ့။ တိုင်ကပ်နာရီလုပ်တာတို့၊ ဆွဲခြင်းလုပ်တာတို့ကြတော့ ပုဂံကဆရာလာသင်ပေးတယ်။

**မေး ။ ။ သင်တန်းသားတွေအတွက် ဝါးကို ဘယ်လိုရောင်းချပေးပါသလဲ။**

ဖြေ ။ ။ ဝါးက အမျိုးမျိုးပေါ့၊ ကြသောင်းဝါးတစ်လုံးကို ကျပ် ၁၃၀၀၊ နည်းနည်းသေးရင် ၁၀၀၀ ကနေ ၆၅၀ ရှိတယ်။ ဝါးဘိုးဝါးက တစ်လုံးကို ကျပ် ၅၀၀၀၊ ဆေးစိမ်ပြီးရင်တော့ ဈေးက ပြောင်းသွားတာပေါ့ ပေါင်းခန့် ဆေးဖိုးက ကျပ် ၅၀၀၀ လောက် ကျသွားတယ်။ ထီးရိုးဝါးဆိုရင် အဆစ်တိုင်း အဆစ်တစ်ဆစ်ကို ဆေးရည်ဝင်အောင် နှစ်ပေါက် ဖောက်ရတာပေါ့၊ အဲဒီ လုပ်အားခရှိတယ်၊ စိမ်တဲ့လုပ်အားခ၊ ဆယ်တဲ့လုပ်အားခရှိတယ်။ လုပ်အားခနဲ့ဆိုတော့ ကျပ် ၁၀၀၀၀ ကျော်လောက် ဖြစ်သွားတယ်။

**မေး ။ ။ ဝါးလက်မှုလုပ်ငန်းအပြင် ဘာတွေလုပ်သေးလဲ။**

ဖြေ ။ ။ ဝါးမီးသွေးဖုတ်တာတွေ၊ ဝါးပေါင်းခံရည်ထုတ်တာတွေ လုပ်ပါတယ်။

**မေး ။ ။ ဝါးပေါင်းခံရည်ကို ဘယ်လိုရရှိပါသလဲရှင်။**

ဖြေ ။ ။ ဝါးမီးသွေး ထုတ်လုပ်ရာမှ ရရှိလာတဲ့ သဘာဝပစ္စည်း တစ်ခု ဖြစ်ပါတယ်။ မီးရှို့လိုက်တော့ ထွက်လာတဲ့ မီးခိုးတွေကို ဝါးလုံးနဲ့ အအေးခံလိုက်တာ၊ မီးခိုးထွက်ရင်းကနေ ငွေ့ရည်ဖွဲ့ပြီး အောက်ကိုပြန်ကျတဲ့ရေကို ခံထားတာ။ မီးခိုးအရည်ပေါ့။ ဝါးပေါင်းခံရည်ကနေ ဆပ်ပြာလည်းလုပ်တယ်။ ဝါးပေါင်းခံရည်နဲ့ ပတ်သက်ပြီး ဂျပန်နဲ့ ဈေးကွက်ချိတ်ဆက်ထားတာတော့ ရှိပါတယ်။



ဝါးဖြင့်ပြုလုပ်ထားသည့် ဝါးလက်မှုထုတ်ကုန်ပစ္စည်းများ။

**မေး ။ ။ ဝါးတဲဆောက်ထားတာတွေကို ဘယ်ဒေသတွေက ဝယ်တာ များတာလဲ။ ဝါးတဲကို သယ်ယူပို့ဆောင်မှုအနေနဲ့ ဘယ်လိုသယ်ယူပါသလဲ။**

ဖြေ။ ။ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နောင်ချို၊ တောင်ကြီး၊ ခိုလမ် အစုံပါပဲ၊ ဒီဝါးတဲကို အလုံးလိုက်ပဲသယ်ပါတယ်။ ဆိုင်ဖွင့်ဖို့ အပန်းဖြေအနားယူဖို့အတွက် အသုံးပြုကြတာများတယ်။ တချို့ဆိုရင် ဝါးတဲ ၁၀ တဲ ကျော်ကျော်လောက် လာမှာတာမျိုးဆို ဒေသမှာ စိတ်ဝင်စားတဲ့ လူပဲစုပေးဆိုပြီး ဆရာပဲ လွှတ်ပေးလိုက်တာ၊ ကိုယ့်ဘာသာလုပ်ဆိုပြီး သင်တန်းပေးခဲ့တယ်။ ဝါးပေါင်းပုံ ပေါင်းနည်းကအစ သင်ပေးလိုက်တာ။ သွားသင်ပေးရတဲ့သူက သွားလာစားသောက်စရိတ်နဲ့ နေ့စားခပဲ ယူပါတယ်။ နည်းပညာတွေ မျှဝေပေးခဲ့တာပေါ့။ အဓိက ဒီဝါးလက်မှုလုပ်ငန်းပြန့်ပွားရေးကို ဦးတည်တော့ ဒီလုပ်ငန်းကို လုပ်တတ်တဲ့သူ အများကြီး ပြန့်သွားတာပေါ့။ တောင်ကြီး၊ ရှာင်၊ ချင်း၊ မြစ်ကြီးနား၊ မန္တလေးတို့ဘက်မှာ ဒါမျိုး ဝါးလက်မှုလုပ်တတ်တဲ့သူတွေ အများကြီးပေါ့။ ဆွမ်ပရာဘွမ်၊ ပူတာအိုဘက်တောင် ပါသေးတယ်။ ဒီကနှစ်ယောက်၊ သုံးယောက်သွားရတယ်။ ပြီးရင် အဲဒီဒေသခံတွေကို သင်ပေးပြီး လက်တွေ့လုပ်ကြတာပေါ့။ လုပ်ငန်းလာအပ်တဲ့ ဟိုတယ်ဆောက်ချင်တာတို့ဆိုရင် သင်တန်းသားတွေထဲကနေ စိတ်ချရတဲ့လူမျိုးကို ထည့်ပေးလိုက်တာ။

**မေး ။ ။ ဝါးစိုက်တာ ဧကဘယ်လောက် စိုက်ထားပါသလဲ။ ဝါးအဆောက်အအုံတွေ ဆောက်တော့ ဝါးကို ဘယ်ကရယူပါသလဲ။**

ဖြေ ။ ။ ဝါးပင်ကို ၃၅ ဧကလောက် စိုက်ထားပါတယ်။ အခုသုံးတဲ့ဝါးတွေက နေပြည်တော် ဂမုန်းတောင်က သဘာဝအလေ့ကျပေါက်တဲ့ ဝါးတွေ။ ထီးရိုးဝါး အရှည်ကြီးတွေက တောင်ငူမှာ စိုက်တယ်။

**မေး ။ ။ ဝါးပျိုးပင်ပေါက် ဆောင်ရွက်ပုံနဲ့ ဈေးကွက်ပေါက်ဈေးကိုလည်း ပြောပြပေးစေလိုပါတယ်ရှင်။**

ဖြေ ။ ။ ဝါးကိုစိုက်ရင် မျှစ်တစ်ချောင်းရဲ့ ဝင်ငွေက ကျပ် ၂၅၀၀၀ ကနေ ၃၀၀၀၀ အထိရှိတယ်၊ ပွားနှုန်းကလည်း တော်တော်ပွားတယ်။ ဝါးပင်ကို လေးပေလောက်ဆိုရင် ဖြတ်ပြီး၊ မျှစ်ကို စားလိုက်ပြီ ရောင်းလိုက်ပြီဆိုရင် မျှစ်က တစ်ပိဿာမှ ကျပ် ၃၀၀၀ လောက် ရတာ။ ဝါးပင်ကနေ အတက်တစ်တက် ထွက်တယ်ဆိုရင် ကျပ် ၂၅၀၀ ရတယ်။ ဝါးအတက်က ငါးတက်၊ ခြောက်တက်လောက် ထွက်တယ်။ အပင်ကြီးကို ခွဲလိုက်ရင် ကျပ် ၅၀၀၀ လောက်ရတယ်။ ပျိုးစေ့တစ်စေ့ကနေ တစ်ပင်ပေါက်တာပေါ့၊ ဝါးက မြက်မျိုးနွယ် မြက်ကြီးပင်မျိုး။ မြက်ပင်လိုမျိုး အဆစ်အဆစ်တွေထွက်တာပေါ့။ ဒီနှစ်အတွက်ဆို အပင်ပေါက်တွေ ရောင်းပြီးသွားပြီ၊ ကုန်ခါနီးဆိုရင် ပြန်ခွဲထားလိုက်တာ။ ထပ်ထပ်ပြီးခွဲလို့ရတယ်။ ပျိုးကြီးလာရင် ပြန်ရောင်း၊ ပျိုးပင်က တစ်ပင်ကို ကျပ် ၁၅၀၀ ရတယ်။ စိတ်ဝင်စားရင် ဒီဝါးပျိုးပင်က သားစဉ်မြေးဆက် ရောင်းစားနေရုံပဲ။

**မေး ။ ။ ဝါးလက်မှုလုပ်ငန်းသင်တန်းပေးနေမှုနဲ့ ပတ်သက်ပြီး ရှေ့ဆက်ပြီးတော့ ဘာတွေလုပ်ဖို့ရှိပါသလဲ။**

ဖြေ ။ ။ သင်တန်းကျောင်းဆောက်ဖို့ မြေဧက ၁၀ ဧက လျာထားပါတယ်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့အကူအညီနဲ့ ဒီမှာ သင်တန်းကျောင်းဖွင့်ဖို့ စီစဉ်နေပါတယ်။

အမှတ်(၅)၊ အောက်တိုဘာလ၊ ၂၀၂၃၊ တန်ဖိုး-၈၀၀ ကျပ်

English for Students SUPPLEMENT

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိသော လေ့လာစရာ အင်္ဂလိပ်စာ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် အခြေခံပညာသင်ရိုးညွှန်းတမ်း တပေးပွဲပေးခွန်းပုံစံနှင့်အညီ ပြုစုထားသည်။

Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။

Ph : 018-387961, 018-376442, 09 269006353, 09 981163924

ဖြန့်ချိရေး

ရန်ကုန် - ဒေါ်ပိပိလှိုင် (မိုးကျော်စာပေ)
ဖုန်း-၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၅၇
၀၉ ၄၂၃၇၁၈၆၀၀

နေပြည်တော် - ဒေါ်မျိုးမျိုးဝင်း (ဝင်းစာပေ)
ဖုန်း-၀၉ ၂၅၀၇၉၈၂၂၃၊ ၀၉ ၆၆ ၂၁၀၄၉၄၇

မန္တလေး - ဒေါ်ပိပိလှိုင် (ရောင်စဉ်စာပေ)
ဖုန်း-၀၉ ၄၄၄ ၁၀ ၅၉၅၉၊ ၀၉ ၄၄၄၁၀၆၉၆၉

သတင်းစာကိုယ်စားလှယ်နှင့် ရောင်းချသူ
ဒေါ်နွဲ့နွဲ့ဦး (မြင့်ဦးစာပေ)
ဖုန်း-၀၉ ၅၀၈၈၉၂၅၊ ၀၉ ၂၆၃၃၇၆၀၃၀

ကိုယ်ပိုင်ကျောင်းများအတွက် အထူးအစီအစဉ်ရှိသည်။ ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်ပါ။

## အဓိကသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး မျိုးကောင်းမျိုးသန့်မျိုးမြေပဲများပေးအပ်

ပဲခူး အောက်တိုဘာ ၆

ပဲခူးမြို့နယ်အတွင်း အဓိကသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အထွက်ကောင်းမျိုးပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်နည်းစနစ် မှန်ကန်စေရေးအတွက် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များသည် ဘုရားကြီးမြို့ ဘောနက်ကြီးကျေးရွာအုပ်စုနှင့် လက်ပံခုန်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များသည် ဘောနက်ကြီးစံပြကျေးရွာ ဝေနေယျသုခ ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဘောနက်ကြီးကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံပြီး ပဲခူးမြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က မိမိတို့မြို့နယ်အတွင်း ၂၀၂၃ ခုနှစ် အဓိကသီးနှံငါးမျိုးဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဝါနှင့်ကြံသီးနှံများအနက် ပဲတီစိမ်း ဧက ၅၆၀၂၀၊ မတ်ပဲ ၁၉၄၅ ဧကနှင့် မြေပဲ ဧက ၁၄၀၂၀ စိုက်ပျိုးသွားရန် ရည်မှန်းလျာထားပါကြောင်း၊ စိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေး၊ စိုက်ချိန်နောက်မကျစေရေး၊ မြေပြုပြင်ရာတွင် စနစ်တကျပြုပြင်ပြီး သွင်းအားစုများ ထည့်သွင်းအသုံးပြုစေရေးအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပထမအကြိမ်အဖြစ် ဘောနက်ကြီး ကျေးအုပ်စုအတွင်းရှိ မြေပဲစိုက်မည့်တောင်သူများ၏ ဧက ၇၀ အတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် မျိုးမြေပဲ တင်း ၄၂၀ ကို ပဲခူးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် အဖွဲ့ဝင်များက ပေးအပ်ကြသည်။

ဆက်လက်၍ လက်ပံခုန် ကျေးရွာအုပ်စု ကင်းချောင်းကျေးရွာမဟာဥတ္တရာရုံဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ လက်ပန်ခုန်ကျေးရွာ အုပ်စုအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံကာ အထွက်နှုန်းကောင်း မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေး ဆွေးနွေးပြီး လက်ပံခုန်ကျေးရွာ အုပ်စုအတွင်းရှိ မြေပဲစိုက်မည့် တောင်သူများ၏ ဧက ၅၀ အတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် မျိုးမြေပဲ တင်း ၃၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ထက်**





## အာမခံအလုပ်သမားတစ်ဦး၏ အလုပ်ခွင် မတော်တဆထိခိုက်မှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၆**

မကွေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားတစ်ဦး၏ အလုပ်ခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိသူအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ပေးအပ်ပွဲကို မကွေးမြို့ ပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး တာဝန်ခံအရာရှိ၊ မြို့နယ်ရုံးခွဲတာဝန်ခံဦးစီးအရာရှိ ဒေါ်ဝေဝေပိုင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်ခင်သီသီထွန်းတို့က အလုပ်ခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမား ဦးမျိုးလှိုင်ဝင်း (V Power လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး) အတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေကျပ် ၃၀၅၇၀၀၀ ကျော်ကို ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**သီဟစည်သူ**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်အောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၃၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၅၆ | ၅၀၂၄၀၀ |
| MTSH | ၃၀၅၀ | ၂၉၅၀ | ၁၅၃၈ | ၄၆၁၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၁၀၂ | ၁၈၇၃၃၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၃၂၀ | ၇၆၈၀၀၀ |
| EFR | ၁၂၅၀ | ၁၂၀၀ | ၈၄၄ | ၁၀၇၉၂၈၅၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၄၂၆ | ၂၀၄၄၈၀၀ |
| MAEPC | ၁၈၅၀ | ၁၈၅၀ | ၆၀၃ | ၁၁၁၅၅၅၀ |

ညီညီ - စုစည်းသည်

## ရှမ်းပြည်နယ်၊ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီ ကြွချီမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၃ ခုနှစ်၊ ရှမ်းပြည်နယ်၊ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဓာတ်ပုံပညာရှင်များအနေဖြင့် အောက်ပါစည်းကမ်းချက်များကို ကြိုတင်သိရှိထားနိုင်ရန် ဖော်ပြအပ်ပါသည်-

(က) **ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားနှင့်အရေအတွက်**
- ၁၂ လက်မ X၁၈ လက်မအရွယ် အစားဖြစ်ရမည်။
- တစ်ဦးလျှင် ဓာတ်ပုံ ၄ ပုံအထိ တင်သွားနိုင်သည်။

(ခ) **ပြိုင်ပွဲဝင်ဓာတ်ပုံများနှင့် ပတ်သက်သောစည်းကမ်းများ**
- ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
- ဓာတ်ပုံမှာ ၂၀၂၃ ခုနှစ်၊ ရှမ်းပြည်နယ် အင်းလေးဒေသအတွင်း အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီမှုတွင် ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။
- Print ထုတ်ထားသော ရောင်စုံဓာတ်ပုံများနှင့်အတူ Sof Copy CD ကိုလည်း ပူးတွဲပေးပို့ရပါမည်။
- ပုံများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ပြောင်းလဲထားခြင်းမရှိစေရေး အထူးသဖြင့် မူလပုံထဲတွင် ရှိနေသော အရာများကို ထုတ်ပယ်ခြင်း မရှိသောအရာများကို ထည့်သွင်းခြင်း ပြတ်သားနေသော နောက်ခံကို Blur ခြင်းများ ခွင့်မပြုပါ။
- သတ်မှတ်ထားသော ဓာတ်ပုံတင်သွင်းပုံစံ၏ ထိပ်တည့်တည့်တွင် "ရှမ်းပြည်နယ် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲ" ဟု ထင်ရှားစွာရေးသား၍ အောက်၌ မျဉ်းသားရမည်။
- ပုံအားလုံးသည် ကိုယ်တိုင်ရိုက်ကူးထားသောပုံများသာဖြစ်ရမည်။ ပုံပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားလာပါက သက်ဆိုင်ရာ ပြိုင်ပွဲဝင်သူ ဓာတ်ပုံပညာရှင်၏ တာဝန်ပင်ဖြစ်ပါသည်။
- အခြားပြည်တွင်း ပြည်ပပြိုင်ပွဲများတွင် ဆုရပြီးသော သို့မဟုတ် ပုံနှိပ်ဖော်ပြပြီးသော သို့မဟုတ် တည်ဆဲဥပဒေများ ဓလေ့ထုံးစံများနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။
- ဤပြိုင်ပွဲသို့ တင်သွင်းသောပုံများတွင် သက်ဆိုင်ရာစံပြမယ်၏ ခွင့်ပြုချက်နှင့် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိပြီးသည့် ပုံများသာဖြစ်ရမည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ ဓာတ်ပုံပညာရှင်၏ တာဝန်သာဖြစ်သည်။
- ဓာတ်ပုံများပေါ်တွင် မိမိ၏ Logo များ အမှတ်အသားများ အမည်များရေးထိုးခြင်းကို မပြုလုပ်ရပါ။
- ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်း၏ နောက်ကျောတွင် ပြိုင်ပွဲဝင်သူအမည်၊ ပြိုင်ပွဲကဏ္ဍ၊ ဆက်သွယ်ရန် လိပ်စာ၊ ဓာတ်ပုံနှင့်ပတ်သက်သည့် အချက်အလက်များ ဖုန်းနံပါတ် နှင့် Email တို့ကို တင်သွင်းပုံစံ စာရွက်တွင် ပြည့်စုံစွာ ဖော်ပြပေးရမည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ ဂျာနယ်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် Video မှတ်တမ်းများ၌ အသုံးပြု ခြင်းကို သဘောတူခွင့်ပြုရမည်။
- ပြိုင်ပွဲဝင်သူများသည် ပတ်စ်ပို့အရွယ်အစားပုံ သုံးပုံနှင့်အတူ ကိုယ်ရေးအကျဉ်းကိုပါ ပူးတွဲပေးပို့ရမည်။
- ပြိုင်ပွဲဓာတ်ပုံများကို နိုဝင်ဘာလ ၁၀ ရက် ၁၆၀၀ အချိန်အရောက် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးနှင့် ဆုရွေးချယ်ရေးကော်မတီသို့ ပေးပို့ရန်နှင့် နောက်ကျပြီးမှ ရောက်လာသော ဓာတ်ပုံများကို မည်သည့်အကြောင်းပြချက်နှင့်မျှ လက်ခံမည်မဟုတ်ပါ။

(ဂ) **ဆုအမျိုးအစားနှင့်နှုန်းထားများ**
- ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု(၁၀)ဆုကို ရွေးချယ်သွားမည်ဖြစ်ပါသည်။
- ပြိုင်ပွဲဝင်သူသည် ဆုကြီးတစ်ဆုနှင့် အထူးဆုများကို အကန့်အသတ်မရှိ ခံစားခွင့် ပြုသည်။ ဥပမာ- ပြိုင်ပွဲဝင်တစ်ယောက်သည် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိ ထားလျှင် အမြင့်ဆုံးတစ်ဆု ခံစားခွင့်ရှိပြီး ကျန်ဆုများကို အထူးဆုအဖြစ်သာ သတ်မှတ်သွားမည်ဖြစ်သည်။
- ပြိုင်ပွဲဝင် ၁၀ ဦးနှင့် ဓာတ်ပုံ ၂၀ ပုံ အနည်းဆုံးဖြစ်မှသာ ပြိုင်ပွဲအထမြောက်မည်။
- ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများအတွက် ပထမဆု (၅၀)သိန်း၊ ဒုတိယဆု(၄၀)သိန်း၊ တတိယဆု(၃၀)သိန်းနှင့် အထူးဆုများအတွက် တစ်ဆုလျှင်(၁၀)သိန်းစီ အသီးသီး ချီးမြှင့်သွားမည်ဖြစ်ပါသည်။

(ဃ) **ပြိုင်ပွဲဝင်ဆုရဓာတ်ပုံများ ကြေညာခြင်း**
- ဆုရရှိသူစာရင်းကို နေ့စဉ်ထုတ်သတင်းများတွင်လည်းကောင်း၊ Online ပေါ်တွင် လည်းကောင်း ပေးပို့ထားသော . လိပ်စာ/တယ်လီဖုန်းများမှတစ်ဆင့် အသိပေး အကြောင်းကြားပါမည်။
- ဆုချီးမြှင့်မည့် နေ့ရက်/အချိန်နှင့် နေရာအား သီးခြား အကြောင်းကြားပါမည်။
- ဆုမရွေးချယ်ခြင်းမခံရသော ဓာတ်ပုံများကို ဓာတ်ပုံပြိုင်ပွဲကျင်းပရေးနှင့် ဆုရွေးချယ်ရေးကော်မတီသို့ သတ်မှတ်သည့် နေ့ရက်အချိန်များအတိုင်း လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါမည်။

**ဆက်သွယ်ရန်-** ဦးစိုးညွန့်ရွှေ၊ ဖုန်းနံပါတ်-၀၉၄၄၀၀၈၁၃၁၈

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၃ခုနှစ်၊ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်မည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ရောင်စုံဓာတ်ပုံပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဓာတ်ပုံပညာရှင်များအနေဖြင့် အောက်ပါစည်းကမ်းချက်များကို ကြိုတင်သိရှိထားနိုင်ရန် ဖော်ပြအပ်ပါသည်-

(က) **ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားနှင့် အရေအတွက်**

၁၂ လက်မ X ၁၈ လက်မအရွယ်အစားဖြစ်ရမည်။

တစ်ဦးလျှင် ဓာတ်ပုံ ၄ ပုံအထိ တင်သွားနိုင်သည်။

(ခ) **ပြိုင်ပွဲဝင်ဓာတ်ပုံများနှင့် ပတ်သက်သောစည်းကမ်းများ**
- ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
- ဓာတ်ပုံမှာ ၂၀၂၃ ခုနှစ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်မည့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။
- Print ထုတ်ထားသော ရောင်စုံဓာတ်ပုံများနှင့်အတူ Sof Copy CD ကိုလည်း ပူးတွဲ ပေးပို့ရပါမည်။
- ပုံများကိုဒစ်ဂျစ်တယ်နည်းပညာဖြင့်ပြုပြင်ပြောင်းလဲထားခြင်းမရှိစေရေး အထူးသဖြင့် မူလပုံထဲတွင် ရှိနေသော အရာများကို ထုတ်ပယ်ခြင်း မရှိသောအရာများကို ထည့်သွင်းခြင်း ပြတ်သားနေသော နောက်ခံကို Blurခြင်းများခွင့်မပြုပါ။
- သတ်မှတ်ထားသော ဓာတ်ပုံတင်သွင်းပုံစံ၏ ထိပ်တည့်တည့်တွင် "ရှမ်းပြည်နယ် တောင်ကြီးမြို့၊ တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ရောင်စုံဓာတ်ပုံပြိုင်ပွဲ" ဟု ထင်ရှားစွာ ရေးသား၍ အောက်၌ မျဉ်းသားရမည်။
- ပုံအားလုံးသည် ကိုယ်တိုင်ရိုက်ကူးထားသောပုံများသာဖြစ်ရမည်။ ပုံပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားလာပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ ဓာတ်ပုံပညာရှင်၏တာဝန်ပင်ဖြစ်ပါသည်။
- အခြားပြည်တွင်း ပြည်ပပြိုင်ပွဲများတွင် ဆုရပြီးသော သို့မဟုတ် ပုံနှိပ်ဖော်ပြပြီးသော သို့မဟုတ် တည်ဆဲဥပဒေများ ဓလေ့ထုံးစံများနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။
- ဤပြိုင်ပွဲသို့ တင်သွင်းသောပုံများတွင် သက်ဆိုင်ရာစံပြမယ်၏ ခွင့်ပြုချက်နှင့် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိပြီးသည့် ပုံများသာဖြစ်ရမည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ ဓာတ်ပုံပညာရှင်၏ တာဝန်သာဖြစ်သည်။
- ဓာတ်ပုံများပေါ်တွင် မိမိ၏ Logo များ အမှတ်အသားများ အမည်များရေးထိုးခြင်းကို မပြုလုပ်ရပါ။
- ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်း၏ နောက်ကျောတွင် ပြိုင်ပွဲဝင်သူအမည်၊ ပြိုင်ပွဲကဏ္ဍ၊ ဆက်သွယ်ရန် လိပ်စာ၊ ဓာတ်ပုံနှင့်ပတ်သက်သည့် အချက်အလက်များ ဖုန်းနံပါတ် နှင့် Email တို့ကို တင်သွင်းပုံစံ စာရွက်တွင် ပြည့်စုံစွာ ဖော်ပြပေးရမည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ ဂျာနယ်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် Video မှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
- ပြိုင်ပွဲဝင်သူများသည် ပတ်စ်ပို့အရွယ်အစားပုံ သုံးပုံနှင့်အတူ ကိုယ်ရေးအကျဉ်းကိုပါ ပူးတွဲပေးပို့ရမည်။
- ပြိုင်ပွဲဓာတ်ပုံများကို ဒီဇင်ဘာလ ၆ ရက် ၁၆၀၀ အချိန်အရောက် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးနှင့် ဆုရွေးချယ်ရေးကော်မတီသို့ ပေးပို့ရန်နှင့် နောက်ကျပြီးမှ ရောက်လာသော ဓာတ်ပုံများကို မည်သည့်အကြောင်းပြချက်နှင့်မျှ လက်ခံမည်မဟုတ်ပါ။

(ဂ) **ဆုအမျိုးအစားနှင့်နှုန်းထားများ**
- ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု(၁၀)ဆုကို ရွေးချယ်သွားမည်ဖြစ်ပါ သည်။
- ပြိုင်ပွဲဝင်သူသည် ဆုကြီးတစ်ဆုနှင့် အထူးဆုများကို အကန့်အသတ် မရှိ ခံစားခွင့် ပြုသည်။ ဥပမာ- ပြိုင်ပွဲဝင် တစ်ယောက်သည် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိ ထားလျှင် အမြင့်ဆုံး တစ်ဆုခံစားခွင့်ရှိပြီး ကျန်ဆုများကို အထူးဆုအဖြစ်သာ သတ်မှတ်သွားမည်ဖြစ်သည်။
- ပြိုင်ပွဲဝင် ၁၀ ဦးနှင့် ဓာတ်ပုံ ၂၀
- ပုံအနည်းဆုံးဖြစ်မှသာ ပြိုင်ပွဲအထမြောက်မည်။
- ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများအတွက် ပထမဆု (၅၀)သိန်း၊ ဒုတိယဆု(၄၀)သိန်း၊ တတိယဆု(၃၀)သိန်းနှင့် အထူးဆုများအတွက် တစ်ဆုလျှင်(၁၀)သိန်းစီ အသီးသီး ချီးမြှင့်သွားမည်ဖြစ်ပါသည်။

(ဃ) **ပြိုင်ပွဲဝင်ဆုရဓာတ်ပုံများ ကြေညာခြင်း**
- ဆုရရှိသူစာရင်းကို နေ့စဉ်ထုတ်သတင်းများတွင်လည်းကောင်း၊ Online ပေါ်တွင်လည်းကောင်း ပေးပို့ထားသော လိပ်စာ/တယ်လီဖုန်းများမှတစ်ဆင့် အသိပေး အကြောင်းကြားပါမည်။
- ဆုချီးမြှင့်မည့် နေ့ရက်/အချိန်နှင့် နေရာအား သီးခြား အကြောင်းကြားပါမည်။
- ဆုမရွေးချယ်ခြင်းမခံရသော ဓာတ်ပုံများကို ဓာတ်ပုံပြိုင်ပွဲကျင်းပရေးနှင့် ဆုရွေးချယ် ရေးကော်မတီသို့ သတ်မှတ်သည့် နေ့ရက်အချိန်များ အတိုင်း လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါမည်။

**ဆက်သွယ်ရန်-** ဦးစိုးညွန့်ရွှေ၊ ဖုန်းနံပါတ်-၀၉၄၄၀၀၈၁၃၁၈

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/9695 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်းနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိသိန်းထွန်းအောင် (၉/ပဥလ(နိုင်)၀၃၄၃၀၁)သည် အောက်ဖော်ပြပါ ကုန်အမှတ်အသားကို ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းရန် စီစဉ်ထားပါသည်-

အထက်ပါကုန်အမှတ်တံဆိပ်ဖြင့် **"ကျိုင်းစင်မြဝါ"** (လက်မှုပညာအစုအစည်း) ကုန်အမှတ် တံဆိပ်ကို ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်းများတွင် ရိုက်နှိပ်၊ ဖိနှိပ်၍ ခေတ်နှင့်လျော်ညီစွာ ဆေးရောင်အမျိုးမျိုး ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် တစ်ဦးတည်း မူပိုင်ထုတ်လုပ်၍ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချရန် ရည်ရွယ်ထားပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ပုံစံတူ (သို့) ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲလာပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ အဆိုပါ တံဆိပ်အမှတ် အသားမှတ်ပုံတင်ပြုလုပ်ဆောင်ရွက်သုံးစွဲနေသူရှိပါက တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့်(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သီရိသိန်းထွန်းအောင်** | **ဦးချမ်းပြည့်သာ (LL.B)** |
| **၉/ပဥလ(နိုင်)၀၃၄၃၀၁** | **စဉ်-၅၃၀၆၈၊ အထက်တန်းရှေ့နေ** |
| | **အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)၊** |
| | **ပြင်ဦးလွင်မြို့။** |
| | **ဖုန်း-၀၉-၇၉၇၃၈၀၆၀၃** |

## ဥတုရာသီ တောကိုမှီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A5 )၊ အခန်းအမှတ် (207)၊ Type (A)၊ Area (1185) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စောထက်မွန် ၁၂/ဥ က မ(နိုင်)၂၀၆၈၄၃ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စုစုသာထွန်း**
**၁၂/ကမရ(နိုင်)၀၄၉၆၅၂**
**ဖုန်း-09-5022655**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ကျောက်ပနန်းကျေးရွာအုပ်စု၊ ရွာသစ်ရွာနေ ဦးပြေဝင်း၏သား ဦးသိန်းဇော် ၅/စကန(နိုင်) ၁၆၂၉၄၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၄-၁၉၈၆ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးစန်းယု၏သား၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ချောင်းရွာနေ မောင်မျိုးသီဟ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၄-၂၀၀၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အထက ဆင်ချောင်း (Grade-12)မှ မောင်ကျော်မျိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၈/ရစက(နိုင်)၁၁၈၁၄၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ ၊မြေကွက်အမှတ် ( ပ- ၁၃၂၁) ကို အမည်ပေါက် ဦးဇေယျ(ဘ)ဦးခင်အောင် ၁၂/တမန(နိုင်)၀၁၃၈၇၉ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ညိုညိုခိုင် (ဘ)ဦးဖြိုး ၁၂/သခန(နိုင်)၀၅၂၈၉၀ မှ မြေငှားစာချုပ် အမည် ပေါက်ပြောင်းလဲသတ်မှတ်ပေးပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း(မိတ္တူ)၊နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၃၀၅/၂၀၂၁)၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅ ) ဧကရှိ ဒေါ်မြင့်မြင့်စိန် ၁၂/တတန(နိုင်)၀၁၂၈၅၇ (ဘ)ဦးပန်းညွှန့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၉၆၂)ကို ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၃၀၁/ ၂၀၁၈(၁၀-၇-၂၀၁၈) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်သူ ၉/ပမန(နိုင်)၁၈၁၇၀၈ (ဘ)ဦးနေဝင်းမှ ဒေါ်စုလေးညို ၁၂/ဒဂန(နိုင်)၀၂၇၆၃၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

(ဘ) ဦးနေဝင်း ၈/ခမန(နိုင်) ၁၄၄၀၉၀၏သား နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း Grade-6 မှ မောင်နေဝင်းဖြိုးအား မောင်ဟိန်းထက်ကျော် ၉/ပမန (နိုင်)၃၀၆၃၆၈ ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းထက်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/20165 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာသိမ့် ၇/ညလပ(နိုင်)၂၁၅၂၅၃ က(ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၄၈၈၀၆, yamaha FZ, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၉/ဝတန(နိုင်) ၀၅၄၇၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/15170 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးကိုကိုအောင် ၅/ဝလန(နိုင်)၁၄၈၄၆၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(ရွှေဘို)**

## အမည်ပြောင်း

တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့၊ အထက (၁) Grade-8(A) တွင် ပညာသင်ကြားနေသော (ဘ)ဦးထွန်းထွန်း ဝင်း၏သမီး မမြမြအေးအား မမျိုးဇင်နွယ်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမျိုးဇင်နွယ်ဝင်း**
**Grade-8(A)**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မီးလောင်ထောင့်အုပ်စု၊ မီးလောင်ထောင့်ကျေးရွာနေ (ဘ)ဦးစိုးနိုင်၏ သမီး မနိုရ်ရိုး ၁၁/မအန(နိုင်) ၀၅၅၈၀၉ ၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၃-၁၉၉၅ ခုနှစ်ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 3M/9117 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၂/ခ)၊ တရုပ်စုအကွက်၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀.၀၁၄)ဧကရှိ နော်ဆေးဖော့ အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ်(၄၀)နေ ဒေါ်စိန်မေဦး၊ ဒေါ်စုစုဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းလင်းတို့မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေဧရိယာ ( ၀.၁၁၀) ဧကရှိ ဒေါ်အုန်းမြင့် ၁၂/သလန(နိုင်)၀၅၅၉၅၈ (ဘ)ဦးထွန်းမြတ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၈၂၁ )ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၄၂၈၉/၂၀၂၂ (၉-၉-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်စာရရှိထားသူ ဦးမျိုးမင်းအောင် ၉/ ခမစ(နိုင်) ၀၂၈၅၃၇ (ဘ) ဦးထွန်းမြင့် မှ ဒေါ်စုလေးညို ၁၂/ဒဂန(နိုင်)၀၂၇၆၃၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/သုဝဏ္ဏ(ဘုရားအနီး)၊ မြေကွက်အမှတ် ၁၈၆၊ မြေကွက်တည်နေရာအမှတ် (၁၈၆)၊ ပိတောက်မြိုင်လမ်း၊ ၃၀/သုဝဏ္ဏ(ဘုရားအနီး) သဃ်န်းကျွန်းမြို့နယ် ဗိုလ်မှူးချုပ်မောင်ညို ၁၄/ပသန(နိုင်)၀၁၃၂၈၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးချုပ်မောင်ညိုသည် ၆-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ဌေးဌေး ၁၄/ပသန(နိုင်)၀၁၃၂၈၁ မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ မြန်မာ့ဓလေ့ထုံး တမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ အမှတ် (၃၂၁၇/၂၀၂၃) (၁၅-၈-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ကတ်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ မြို့သစ်မင်းလမ်းရှိ၊ မြေကွက်အမှတ်(ခ/၅၂)၊ မြေအကျယ်အဝန်း ပေ(၈၀ X ၁၂၀) ဧရိယာ(၀.၂၂၀၃)ဧကရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အိမ်တစ်လုံးတို့ကို ဒေါ်မြင့်မြင့်အောင်(ဘ)ဦးကျော်မြင့် ၇/ညလပ(နိုင်) ၀၃၆၈၆၂ သည် တရားဝင်ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အထက်ပါနေအိမ်နှင့် ခြံမြေကွက်အား ဝယ်ယူရန် ရောင်ဝယ်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်စည်ဟိန်း(LLB)** | **ဦးစည်သူကျော်(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၀၉၁၁)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၀၆၆)** |
| **ဖုန်း-၀၉-၄၂၈၁၆၈၂၆၅** | **ဖုန်း-၀၉-၇၈၁၉၃၂၀၃၇** |
| **မြို့မ(၂)ရပ်ကွက်၊ ကန်အနောက်လမ်း၊ ပြွန်တန်ဆာမြို့။** | **ကမ်းနားလမ်း၊ မင်းတဲရပ်ကွက်၊ ဒိုက်ဦးမြို့။** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ်( ၁၆၆၀)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ချိန်းအို အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဦးထူးဇေလင်း(ဘ)ဦးစိုးလွင် ၉/လဝန(နိုင်)၂၄၃၂၆၂ မှ မြေငှားစာချုပ်အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၂၇၉၂/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်မင်းခိုင် (ဘ) ဦးဘိုနီ ၅/ရဘန(နိုင်)၁၅၀၇၄၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၄၃၉၁၃ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လွင်ဦး ၁၀/သဖရ(နိုင်)၀၆၆၉၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၃၁၀၆ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၀/မဒန(နိုင်)၁၃၀၉၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/29948, KENBO-110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၉/လဝန(နိုင်) ၁၆၀၆၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့ နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ကြက်တည်အကွက်၊ ဦးပိုင်အမှတ်(၁၀၅/က)၊ ဧရိယာ (၀.၀၉၁)ဧကရှိအောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - (၅)လမ်း
(ခ) အနောက်လားသော် - ဦးပိုင်(၁၀၃/ဃ)၊
(ဂ) တောင်လားသော် - ဦးပိုင်(၁၀၅/ခ)
(ဃ) မြောက်လားသော် - ဦးပိုင်(၁၀၆)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးသိန်းထွန်းဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက(၂၀၂၃)ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့နယ်၊(၈)ရပ်ကွက်၊အကွက်အမှတ်(၂)၊အုတ်ကျွတ်တန်းတောင်အကွက်၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ (၀.၁၅၆)ဧကရှိ အောက်ဖော်ပြပါအလား အလာရှိသည့် -

(က) အရှေ့လားသော် - ရုံးဟောင်းလမ်း
(ခ) အနောက်လားသော် - ဦးပိုင်(၃၃/ခ+၃၃/ဃ)
(ဂ) တောင်လားသော် - ဦးပိုင်(၃၂/ခ+၃၀/ခ)
(ဃ) မြောက်လားသော် - ဦးပိုင်(၃၃/က+၃၅)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးသိန်းထွန်းဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက(၂၀၂၃)ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၌)၊ မြေကွက်အမှတ်(၂၈၅)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) (၂၄၀၀)စတုရန်းပေရှိ ဒေါ်ဥမ္မာခင်(၁၂/ဥကမ(နိုင်)၁၃၉၆၃၀)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်မှ တရားဝင်ခွဲစိတ်ရသေးခြင်းမရှိသော ခေါင်းရင်းခြမ်းဘက်ရှိ (အလျား ၁၀ပေ x အနံ ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပ မြို့နယ်၊ (၌)ရပ်ကွက်၊ မေတ္တာ(၄)လမ်း၊ အမှတ်(၂၈၅)(ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သောမြေကွက်၌ နှစ်ထပ်တိုက်အိမ် အဆောက်အအုံ ၊ ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်မူရင်းအဆက်စပ်များဖြင့် ဝယ်ယူ၍လက်ရှိပိုင်ဆိုင်ပြီး၊ အရှုပ်အရှင်းပြဿနာကင်းရှင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို အဆိုပြုလျက် ၁။ ဒေါ်ဝင်းရီ (၁၂/ဥကမ(နိုင်)၁၂၃၆၃၄)၊ ၂။ဒေါ်အေးမွန်(၁၂/ဥကမ(နိုင်)၁၂၂၄၁၂)တို့က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်၏ တန်ဖိုးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးသိန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် -၁၅၄၀၉/၂၀၁၉)**
**အမှတ်(၁၃၃၉)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၌တိုးချဲ့၊ မြေကွက်အမှတ် ၈၅၊ ၃၆၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၈၅)၊ သုနန္ဒာလမ်း၊ (၌/တိုးချဲ့)ရပ်ကွက်၊ ဦးအောင်ဝင်းဌေး ၁၂/ဥကတ(နိုင်) ၀၉၃၆၃၈ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးအောင်ဝင်းဌေးမှ ၁၉၉၆ ခုနှစ်က ထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မှတ်ချက်ပါသည့် မြေပုံ/မြေရာဇဝင်မူရင်းမှာ အသုံးပြုခဲ့ရခြင်း လုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံး သွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေကွက်နှင့် မြေပုံမြေရာဇဝင်မူရင်းအား အခြားမည်သူ တစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ် ၃၅၇၀/၂၀၂၃/ ၃၁-၈-၂၀၂၃၊ မြေစာရင်း မှတ်ချက်ရှိ -ဝင်စာအမှတ်(၈၅၉/၈-၂-၂၀၁၁)အရ ဦးတင်ထူး (ရှေ့နေ ဦးထွန်း)မှ အကြောင်းကြားစာပေးပို့လာခြင်းနှင့် ပတ်သက်၍ တရားပြိုင်များဖြစ်သည့် ဦးအောင်ဝင်းဌေးနှင့် ဒေါ်ခင်မာလာအေးတို့သည် တရားလို ဦးတင်ထူးသို့ ငွေကျပ် ၄၈ သိန်းပေးဆပ်စေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်သည့် တရားရုံး အမိန့်တို့ ရရှိပြီးကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံး၊ တရားမကြီးမှုအမှတ် ၇၁/၂၀၁၁၊(၂၉-၃-၂၀၁၃)အမိန့်တို့ကို ရှင်းလင်းတင်ပြလာခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သ မ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### မော်လမြိုင်မြို့နယ်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၅

| | | |
|---|---|---|
| ၁။ ဒေါ်စုမမ | နှင့် | ၁။ ဦးစက်ဟန် |
| ၂။ ဒေါ်သန်းအေး<br>(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်<br>ဒေါ်လွင်မာမင်းဦး) | | ၂။ ဒေါ်အေးမျှင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

အထက်အမှုတွင် တရားပြိုင်များဖြစ်သော မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ ရန်နိုင်လမ်း၊ အမှတ်(၃၂)နေ ဦးစက်ဟန်နှင့် ဒေါ်အေးမျှင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌တရားလိုများက “ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု”ကို ဤရုံးတော်၌ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်လွှဲစာ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်နေ့) မွန်းမတည့်မီ(၁၀)နာရီအချိန်၌ အထက်အမည် ဖော်ပြပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(မိုးဦးလင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်လှလှအေး (၁၃/လရန(နိုင်) ၀၆၂၇၈၆) နှင့် ဦးတင်မောင်စိုး (၁၃/လရန(နိုင်)၀၉၈၆၃၄)တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားခြင်း မတိုက်ဆိုင်တော့သောကြောင့် (၂၅-၉-၂၀၂၃)ရက်၌ နှစ်ဖက်အသိသက်သေ လူကြီးများရှေ့မှောက်တွင် ကွာရှင်းပြတ်စဲကြောင်း စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ ကြပြီးဖြစ်သည့်အတွက် ဦးတင်မောင်စိုးနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်ုပ်တို့ မိတ်ဆွေနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လှလှအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးညီညီထွန်း(LL.B, DBL, DIL)** | **ဒေါ်ခင်နွယ်နွယ်** |
| **တရားလွှတ်တော်ရှေ့နေ** | **(BA.PGDL. LLB. DBL.DIPL)** |
| **(စဉ်-၁၇၅၅၃)** | **အထက်တန်းရှေ့နေ (စဉ်-၄၉၃၇၁)** |

**အမှတ်(၆၈)၊ဗိုလ်စောပုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၂၃၁၀၈၂၊ ၀၉-၄၂၅၂၉၆၅၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

